
mgyoe.com

SAMPLE BOOK

# မော်ဝေး ဒိုင်ယာရီ




ပေါ်ဦး

mgyoe.com

mgyoe.com

SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ်
၁၀၀




9 248480 503609

mgyoe.com

**Cover Sketch : RāHuLā & Graphic Design : Moe Myint San**

**BACK COVER PAINTING: HPAW WAY & NYI NYI (NICE) 2012**

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



ဖော်ဝေး(၂၂၊ ၁၀၊ ၁၉၄၄– ၃၊ ၇၊ ၁၉၇၈)

နှစ်ကာလများစာအုပ်အစီအစဉ်၁၀၀အုပ်မြောက်အမှတ်တရထုတ်ဝေသည်

မူပိုင်– ဒေါ်စန်းနွဲ့

mgyoe.com

mgyoe.com SAMPLE BOOK

# ကျွန်တော်ရေးနိုင်တဲ့ ၃, ၄ ကြောင်း

၁၉၇၈ ဇူလိုင် ၃ ရက်နေ့မှာ ဖော်ဝေး ကွယ်လွန်ခဲ့ပါတယ်။ ကျွန်တော်တို့တွေရဲ့ တုန်လှုပ်မှုဟာ ရက်တရက် အထိနာသလို ဖြစ်ခဲ့တော့ သူငယ်ချင်းများ တစ်ယောက်နဲ့တစ်ယောက် မျက်လုံး မဆုံမိအောင် ရှောင်ခဲ့ကြပါတယ်။ ကျွန်တော်တို့ အဖြစ်မှန်ကို ပြန်မတွေ့မိချင်တော့ပါဘူး။ ဖော်ဝေးကို ပြုစုပြီး အတူနေခဲ့တဲ့ သူငယ်ချင်း ညီငယ်တစ်ယောက်ဟာ သူ့ရွာကို သူ အပြီးပြန်သွားပါတော့တယ်။ ရန်ကုန်မြို့ကိုပါ အပြီး စွန့်ခွာသွားတာပါ။

အခုတလော ကျွန်တော်တို့အနီးက လူတွေ လျော့ပါးခဲ့ပြီ မဟုတ်လား။ မြင့်စိုး(သားကြီးဗဂျီအောင်စိုး)၊ မောင်သစ်မင်း၊ သန်းအုန်း၊ လှသန်း စသဖြင့်ပေါ့လေ။ ကျွန်တော်တို့စိတ်မှာ 'ဖော်ဝေး'ဟာ ပြေမသွားနိုင်ခဲ့ဘူး။

ဒီလိုနဲ့ နှစ် ၃၀ သာသာမှာ ကျွန်တော်တို့ သတိတရ ရှိသလို နောက်လူငယ်တွေရဲ့ သတိရမှုအဖြစ် 'နှစ်ကာလများ'က 'ဖော်ဝေး ဒိုင်ယာရီ'ကို ထုတ်ဝေနိုင်ခဲ့ပါပြီ။ ဖော်ဝေးကို မိတ်ဆွေလည်း တွေ့ရှိနိုင်ပါပြီ။ ဒီခေတ်ကြီးထဲကပေါ့။

**အောင်ချိမ့်**

**၁၉.၁၂.၂၀၁၁**

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ်
၁၀၀

# ဖော်ဝေးဒိုင်ယာရီ

## ဖော်ဝေး

နှစ်ကာလများ
အမှတ်-၁၀၄၊ အပေါ်ဆုံးထပ်(က)
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁ ၈၂၅၅၄၈

mgyoe.com

m g y o e . c o m SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ဖော်ဝေး

ဖော်ဝေးဒိုင်ယာရီ

ပထမအကြိမ်၊ ၃ ဇူလိုင်၊ ၂၀၁၃

ဒုတိယအကြိမ်၊ သြဂုတ်၊ ၂၀၂၃

နှစ်ကာလများစာပေ

<u>တန်ဖိုး– ၅၀၀၀ ကျပ်</u>

အုပ်ရေ

၅၀၀

ထုတ်ဝေသူ– ဦးစိန်ဝင်း၊ နှစ်ကာလများစာပေ၊

အမှတ် ၁၀၄၊ အပေါ်ဆုံးထပ်(က)၊

အောင်ဗေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့် အဖုံးပုံနှိပ်– ဦးဇော်မြင့်ဝင်း၊ ကာလာဇုန် ပုံနှိပ်တိုက်၊

၁၈၄(ဘီ)၊ ၃၁ လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

နှစ်ကာလများ လိုဂို – ပန်းချီကိုကိုနိုင်

အတွင်းဖလင် – ပုံရိပ်ရှင်

ကွန်ပျူတာစာစီ – လင်းဝေးခက်

မျက်နှာဖုံး – ရာဟုလာနှင့် ဖော်ဝေး၏ ပုံကြမ်းများအား မိုးမြင့်စံ ဒီဇိုင်းပြုလုပ်သည်

m g y o e . c o m

mgyoe.com SAMPLE BOOK

## မာတိကာ


| | |
|---|---|
| ၁။ ဖော်ဝေးဒိုင်ယာရီ ၁၉၇၅ | ၇ |
| ၂။ ဖော်ဝေးဒိုင်ယာရီ ၁၉၇၆ | ၈၉ |
| ၃။ ဖော်ဝေးဒိုင်ယာရီ ၁၉၇၇ | ၁၀၉ |
| ၄။ ဖော်ဝေးဒိုင်ယာရီ ၁၉၇၈ | ၁၃၃ |
| ၅။ ဖော်ဝေးရည်းစားစာ | ၁၄၄ |
| ၆။ ဖော်ဝေးကဗျာ | ၁၅၀ |
| ၇။ ဖော်ဝေးဝတ္ထုတို | ၁၆၃ |


mgyoe.com

mgyoe.com



mgyoe.com

mgyoe.com SAMPLE BOOK



# ၁၉၇၅

၁. ၃. ၇၅

စပယ်နွမ်းနွမ်းရနံ့။

ကမ္ဘာဟောင်းက အစွဲ ကွာကျသွားသည်။

ဝမ်းနည်းနေမိတယ်'စပယ်' ရယ်။

'သူ့' ကို ပေးအပ်မည်ဟု ကတိပြုခဲ့သော လူပျိုဘဝသည် ချောက်ချားတပ်မက်စွာ ပေါက်ကွဲလွင့်စင်ကုန်သည်။

အချစ်ရယ် ....

တို့ငယ်ငယ်က ဖြူစင်မှုကို လွမ်းမိပါရဲ့။

ကို့နှလုံးသားထဲမှာ

ခွေးအတွေလည်း အူလို့။

ခြောက်သွေ့သွေ့လွင်ပြင်ကြီးလိုနော်

ရေက မအေးဘူးကွယ် ...

ပူလှတယ် ...ပူတယ်။

ကာမသရိုင်းမှာ ငါလည်း အမြှုပ်ခံရတာပါပဲ

မင်းကောကွယ် ...ဘာထူးလဲ

တို့များအဖြစ်က တူလွန်းတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



ဟင့်အင် ..မျက်ရည်မကျပါဘူး
ဒီတာလေ ဒီတာပါ
ခွင့်လွှတ်နော် ...
သူ့အနမ်းတွေက
အချစ်မှ မဟုတ်တာ။

' မြင့် ' ရယ်
သူ့နာမည်က 'မမေသန်း' တဲ့
ဝမ်းနည်းမှုလှောင်ချိုင့်ထဲက
မင့် 'အပျိုညှ' ငှက်မနဲ့
ကို့ 'လူပျိုညှ' ငှက်ဖိုလို
ဘယ်ကိုမှ မပျံသန်းနိုင်တော့ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK



၃- ၃- ၇၁

ရာဂ အပူရှည်တွင် နှစ်မြုပ်ကာ
ကန်တော်ကြီးအစိမ်းရည်ကို သောက်သည်။

၄- ၃- ၇၁

'ဘုရားသခင်ညစာစားပွဲ' ကို တက်ရောက်ကြ
ဇွန်လမှာ ကမ္ဘာပျက်မတဲ့ ။

ဘုရားသခင်မှာသာ
အပျက်မလေးတစ်ယောက်ရှိရင်...
နတ်ကတော်ဖိမ်နန်းမှာ
ရမက်ဝတ်ရုံလွှမ်းဆင်
ကမ္ဘာသစ်တစ်ခု ဖန်ဆင်းချင်တော့မယ်။

ထမိနီနီလေး ရင်မှာပိုက်
ပျော်နေလိုက်ကြတဲ့ မျက်လုံးတွေ
သည်မြေကမ္ဘာ
ကြယ် လ နတ္တတ် တာရာ
သိကြာ စာရိတ္တ
ဘဝ
လောက
ဘာမှ အဓိပ္ပာယ်မရှိ။

'မနက်ဖန်' မျက်စဉ်းခတ်
လူတတ်လုပ်ဖို့မလို
ငါ့ကိုလာ စကားမပြောကြနဲ့။

mgyoe.com

mgyoe.com SAMPLE BOOK



'တို့ရဲ့အသန့်စင်ဆုံးရယ်မောသံဟာ
ဒုက္ခတစ်ခုခုနဲ့ပြွမ်းနေတတ်တယ်၊
ငါတို့ရဲ့အလှဆုံးတေးဆိုတာ
အဆွေးဆုံးအတွေးတွေကို ပြောပြတဲ့တေးတွေပေါ့'

*(ရှယ်လီ)*

၁၁. ၃. ၇၅
ဆုံးရှုံးမှုများမှာ
တစ်စုံတရာတန်ဖိုးရှိရင်
ငါဟာ တန်ဖိုးအရှိဆုံးလူဖြစ်တယ်။

ငါ့ကိုယ်ငါ
ကျဆုံးမယ့်သူများသင်္ကေတအဖြစ်
ကဗ္ဗည်းထိုးရစ်ခဲ့တယ်။

အနတ္တပင်လယ် မျက်နှာပြင်ပေါ်မှာ
အတ္တရေစဲကြောက်ဆောင်သေးသေးလေးရယ်
ငါ ဘယ့်နယ်တိုင်းတာရပါ့။

mgyoe.com

mgyoe.com SAMPLE BOOK



ယမင်း တည်းခိုရိပ်သာ

၁၃.၃.၇၅

ယမင်းအဖြူ
ယမင်းအပြာ
ပန်ကာသံ တဝီဝီနဲ့၊
တစ်နေ့နဲ့တစ်ည၊

၂၂.၃.၇၅

ဆုံးလေမှောင်မှောင်မှာ
'မစောစက်' တဲ့၊
လွင့်နေတဲ့ မိန်းကလေး
ကိုယ်သင်းနံ့နဲ့ မွှေးမွှေးလေးရယ်၊

mgyoe.com

mgyoe.com SAMPLE BOOK



၂၆.၃.၇၅

မိုလ်တထောင်ဗောတံတား
ရွှေတိဂုံဘုရား
စိန်မဟာသဘင်
............
တစ်ညလုံး 'ဂျစ်ပစီမောင်နံ့'။

၂၇.၃.၇၅

တော်လှန်ရေးနေ့သိုပါလား။

တို့ကတော့ကွယ်
မနက်စာရယ်
ညစာရယ်
....နောက် တကမ္ဘာလုံးရယ်
အားလုံးကို ပုတ်ထုတ်လိုက်တယ်။
ကန်တော်ကြီးဟာ
ပြာလိုက်
ဝါလိုက်
စိမ်းလိုက်
နောက် မည်းသွားတယ်။
မီလွင်ရယ်၊ ငါရယ်။

mgyoe.com

mgyoe.com SAMPLE BOOK



၂၀-၃-၇၅

ဖြူရော်ရော်ဘုရင်တွေ၊ စော်ဘွားတွေ ငါမြင်ရတယ်
ဖြူရော်ရော်စစ်သည်တော်တွေရောပဲ၊ အားလုံးအသေလို ဖြူရော်နေကြသကွဲ့.
သူတို့ကအော်ကြတယ်'လာဘဲလ်ဒမ်ဆန် မယ်စရီ မင့်ကို ဖမ်းစားထားပြီ'တဲ့။

*ဗျန်ထိစ်*

၂၈-၃-၇၅

ငါတို့ဝန်းကျင်မှာ ညဟာ တံတိုင်းတစ်ခုလို ထုထဲလာတယ်၊
ကြည်နူးဖွယ် အချိန်များကို ပင့်ခေါ်တဲ့အတတ် ငါတတ်တယ်၊
မင့်ရင်ခွင်မှာခွေအိပ်ရင်း ငါ့အတိတ်ထဲ ငါပြန်နေမိတယ်၊
မင်းရဲ့ချစ်စဖွယ်ကိုယ်၊ မင်းရဲ့နူးညံ့တဲ့နှလုံးသားမှာမဟုတ်ရင် ဘယ်မှာများ
မင်းရဲ့ပန်းလျလျအလှများကို ဖွေရှာနေလို့အကျိုးထူးမှာလဲ၊

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ဒါတွေဟာ တိုင်းတာလို့ရမယ်မဟုတ်တဲ့ချောက်ထဲက ပြန်မွေးဖွားဦးမှာလား၊
ပင်လယ်တို့ရဲ့အနက်များထဲမှာ ရေချိုးပြီးကြတဲ့နောက်
ပြန်လည်နုပျိုလာတဲ့ နေများ မိုးပေါ်တက်လာကြသလိုလေ၊
အို ... သစ္စာစကားတို့၊ အို ... မွှေးရနံ့တို့၊ အို ... အနမ်းတို့၊

*ခုစရိုက်ဝန်းများ မှ*
*တို့ဒလထ်*

mgyoe.com

mgyoe.com SAMPLE BOOK



၃၀-၃-၇၅

ကဗျာဆရာဟာ သူ့စိတ်ထဲကို ရှာလို့ရသမျှ ကောင်းပေ့ဆိုတဲ့ အသံတွေ ဖြည့်ထားရမယ်။ ဆက်ဆွန်အလှအပတွေ၊ ဟီဗရိဒိလူထုပုံပြင်တွေ၊ ဒန္တေရဲ့ကဗျာ၊ ရှိတ်စပီးယားရဲ့လိရစ် စသဖြင့်ပေါ့။ ဒါပေမယ့် ဝေါဟာရနဲ့အသံကိုတော့ ခွဲထားတတ်ရပေမပေါ့။

*အထ်စရာဝေါင်း*

ငါ ဝုံပါ့မလား
စကြဝဠာကို လှုပ်ရှသွားစေဖို့လေ
..................
..................
ငါ သူတို့အားလုံးကို သိပြီးပါပြီ၊ အားလုံးကို သိပြီးပါပြီ။
ညတွေ မနက်တွေ ညနေတွေကို သိခဲ့ပါပြီ။
ငါ့ဘဝကို ကော်ဖီဇွန်းများနဲ့ ချင်တွယ်ပြီးပါပြီ။

*အဲလီယတ်*

# မျက်နှာများ လမ်းလျှောက်ခြင်း

mgyoe.com

mgyoe.com SAMPLE BOOK



စပြီ–၁၄,၁၅,၁၆,၁၇,၁၈

'ကောင်မလေးနဲ့' ငါးည အတူတူ
တဝဂ္ဂလို အခန်းထဲအောင်း
ကိုယ့်အလောင်းကို ကိုယ်တိုင်မြင်ဖူးမှ
ဟားတိုက်ကြည်နူးလိုက်ရတာ။

(နံနက်ခင်းချောက်ကမ္ဘာ။နံနက်ခင်းချောက်ကမ္ဘာ။နံနက်ခင်းချောက်ကမ္ဘာ)

အပြေလွှာစာရွက်မှာ
ကြက်ခြေရာစတ်အမှတ်ပြည့်နဲ့
လမ်းတွေ့တဲ့လူအားလုံးပြမယ်
ဆုံးရှုံးမှုမှာ ခံစားဝံ့သူ
တရားစာရွက်ကပ် ကျောက်ရုပ်မဟုတ်သူ
သက္ကရာဇ်ဟောင်းမှာ အနာဂတ်မထင်သူတို့ ..။

mgyoe.com

mgyoe.com SAMPLE BOOK



ဧပြီ၊ ၁၊ ၇၅
၂၇ ရဲ့အောင်ချိမ့်၊ စပယ်ပန်းများဖြင့်၊
အရက်ဖြင့်၊
မေတ္တာဖြင့်၊
ကဗျာဖြင့်၊

၁၀.၅.၇၅

နှလုံးအိမ်ထဲ ရေငတ်ခြင်း ။

နားခိုဘွယ်အရိပ်ကား
ဘယ်မှာမှမရှိတော့၊

(စိတ်များကား
ပျားတုတ်ခံရသလိုပဲ၊ 'မောင်ချောနွယ်' )
ကိုယ့်ကိုယ်ကို ရှုံ့ရှာမုန်းတီးတာလောက်
ကြေကွဲစရာကောင်းတာ မရှိဘူး၊

မတ်–၁၃, ၁၄, ၁၅, ၁၆, ၁၇, ၁၈, ၁၉, ၂၀

ဆောက်တည်ရာမရ
ကစဉ့်ကလျားနေ့ရက်များ၊

mgyoe.com

mgyoe.com SAMPLE BOOK



၂၃၊မေ၊၇၅

အဓိပ္ပာယ်မဲ့နေထိုင်အသက်ရှင်မှုဆိုတာကို
ခင်ဗျားတို့ နားလည်ကြသလား
ကျွန်တော့်ကိုကြည့်ပါ

ခင်ဗျားတို့မျက်စိရှေ့မှာ ကျွန်တော် ၂၉ နှစ်နေခဲ့ပြီးပြီ။
ခင်ဗျားတို့မခံစားဖူးတာတွေလည်း ခံစားခဲ့ရဖူးပြီ။
ခင်ဗျားတို့မသိတာတွေလည်း သိပြီးပြီ။

ခင်ဗျားတို့ အချိုနဲ့အခါးကို တစ်ကြိမ်ထဲ
မြိန်ရေရှက်ရေ စားဖူးသလား
လူမှန်းသိတတ်စရွယ်ကတည်းက
ခုချိန်ထိ စိတ်ဓာတ်ကို အကျဉ်းချခံထားရဖူးသလား
ကိုယ့်ကိုယ်ကို အထင်ကြီးပြီး ၁၀ နှစ်တိုင်တိုင်
သူရဲဘောကြောင်ဖူးသလား

( ကျုပ်လက်ထဲကို နောက် ၁၀ နှစ်သာထည့်ပေးပါ
ဟောဒီလောကကြီးကို ကျုပ်မှောက်လှန်ပစ်လိုက်မယ် )

mgyoe.com

mgyoe.com SAMPLE BOOK



၂၄,မေ,၇၅
မှော်ဘီ

ကဆုန်လပြည့်နေ့
ရန်ကုန်မှာ မနေရဲလို့ ။

ည.၁၁ နာရီ

ခုညမှာ မနက်ဘာဖြစ်မလဲဆိုတာ ငါမသိပါဘူး။
'ပျို့ရွယ်မှုဆိုတာ ဘဝမှာ
တစ်ခါသာ အလည်လာတာမှတ်လား. . .'
ဒီတော့ . . . . . . . . . .

(ကြေကွဲမှုဗွက်အိုင်ထဲက တစ်သက်လုံးရုန်းထွက်မရတော့ဘူးတဲ့လား။
ဟုတ်လား)

တိမ်စင်တဲ့ကောင်းကင်ပြင်လို ငါ့ကြည်ကြည်လင်လင်အပြုံးကို ငါပြန်ရှာမယ်။
ငါ့အပြုံးရဲ့ ရှေ့မှောက်မှာ လောကဟာ လှုပ်ခတ်မြူးကြွနေရမယ်။ ။

mgyoe.com

mgyoe.com SAMPLE BOOK



ပါရဂူရဲ့"မဟာခရီးသည်"ကိုဖတ်ဖြစ်တယ်
ကိုယ့်ယုံကြည်ချက်မှာ စိုက်လိုက်မတ်တတ်
ဖွဲကြီးမားတဲ့ပုဂ္ဂိုလ်တွေကို လေးစားပါတယ်။

၂၅–မေ
ပြည်ကို ၁၇၅ မိုင်
ရန်ကုန်ကို ၂၂ မိုင်
မန္တလေးကို ၄၁၆ မိုင်
မိုးငွေ့တွေကြားက လမ်းဆုံလေး။
အို . .ငါ့ကိုချစ်ခင်သူတို့သံယောဇဉ်ကို ငါ ဘာလို့ကြောက်ရွံ့နေရပါ့။
လဟာပြင်ထဲမှာ အဆုံးအစမဲ့လမ်းလျှောက်နေချင်လိုက်တာ။
ငါ ဘယ်တုန်းကမှ မသိဖူးတဲ့ မျက်နှာတွေ . .မျက်နှာတွေ
မိုးစက်တွေကြားက မျက်နှာစိမ်းလေးကို အံ့အားတသင့်ကြည့်နေမိတယ်
ဒါလား . . လူ့ဘဝဆိုတာ ဒါပဲလား။

လွတ်လပ်ရေးကျောက်တိုင်၊အသံချဲ့စက်၊ယင်အုံနေတဲ့စားပွဲ၊သစ်ခွဝါနဲ့မိန်းမပျို ဟောင်ဖွာဟောင်ဖွာလူတစ်ယောက်၊ ထောက်ကြန့်ရန်ကုန်ဘတ်စ်ကား၊ တံတား ဖြူဖြူလေး၊ ဆေးလိပ်တထောင်းထောင်းနဲ့ ဆယ်ကျော်သက်၊ ထည်ကြည်ရည်ကျဲကျဲ နဲ့ပြား၇၀ လက်ဖက်ရည်တစ်ခွက် . .။ ငါဘာလဲ . . ငါဘာလဲ . .။ ဟောဒီလောက ကြီးထဲမှာ။

ဟောဒီမဲမဲညိုနေတဲ့ မိုးနေ့တွေပေါင်းများစွာ ငါတွေ့ခဲ့ဖူးပါပြီ

mgyoe.com

mgyoe.com SAMPLE BOOK



ရွံ့ပုတ်ရေတဖျတ်ဖျတ်နဲ့
အမိုးမဲ့အကာမဲ့ သဲကား . .
နောက် . . . "လှည်းကူး"။

ဘဝများကား ခြားခဲ့ကြပြီ။
ဟိုး . .ငယ်ငယ်က . .သံလမ်းပေါ်က ကောင်လေးနှစ်ကောင်
ဘုန်းကြီးကျောင်းက ကပ္ပိယလေးနှစ်ကောင်
ညီအစ်မနှစ်ယောက်ရဲ့ ကောင်လေးနှစ်ကောင် . . .

အပြုံးတွေက စပယ်လိုမမွှေးကြတော့
နှင်းဆီလို သတ္တိသွေးမနီကြတော့
. . .ကြာခဲ့ကြပြီပဲ . . . .။
၁၀ စု တစ်ခု ဆိုတာ နည်းတဲ့ထုထည်မှ မဟုတ်တာ

မေ ၂၅ ညနေ

အားလုံးဟာ ခေါက်ထိုးမိုးမျှော်
ခြာခြာလည်နေကြပါပကောလား

mgyoe.com

mgyoe.com SAMPLE BOOK



ငါတို့အဖို့ မာနထောင်လွှားကြစရာ ဘာတစ်ခုမှ မရှိသေးပေ။ ငါတို့သည် အသက်အားဖြင့် ငယ်ရွယ်နုနယ်ကြသေး၍ ရှေ့ခရီးသည်လည်း တမျှော်တခေါ်ကြီး ကျန်ပေသေးသည် . . .။ *(သခင်ဗဟိန်း)*

မေ ၂၆
MARLBORO တစ်ဘူးနဲ့
မျက်နှာပြုံးပြုံးတစ်ခု ။

ချစ်ခင်တဲ့အပြုံးဟာ
တသက်လုံးစားနေရတဲ့ ထမင်းထက်ချိုမြိန်ပါတယ်။

တာဝန်တွေ၊ ဝတ္တရားတွေ၊ မိတ်ဖြစ်ဆွေဖြစ်တွေ၊ အစဉ်အလာဓလေ့ထုံးစံတွေ၊ နားလည်မှုမဲ့တစ်ဝက်ခင်မင်မှုတွေ၊ . . . .။ ဒီမျက်နှာတွေပေါ်က ကောက်ကြောင်းတွေကို မဖတ်ပါရစေနဲ့တော့ဗျာ။ လွတ်ကျွတ်ချင်လှပါပြီ။

ငါ့ရွေးချယ်မှုအတွက် ငါပြန်ဝမ်းနည်းနေလား
ပျက်စီးနေတဲ့လူလို့ အခေါ်ခံရတာ ကြေကွဲနေသလား

သူတို့ ငါ့ကိုနားလည်နိုင်ကြမှာ မဟုတ်ဘူး
ဟောဒီကာလမှာ ရိုးဖြောင့်မှုဟာ အကြီးလေးဆုံးသော ရာဇဝတ်မှုကြီးဖြစ်နေပါပြီ
ကျွန်တော့်ဘဝက ရိုးရိုးလေးပါဗျာ
ကျွန်တော် ထမင်းစားတယ်
ဆေးလိပ် သောက်တယ်
လက်ဖက်ရည် သောက်တယ်
စာအုပ် ဖတ်တယ်
နောက် . . . စိတ်ပါရင် ကဗျာရေးတယ်။ ။

mgyoe.com

mgyoe.com SAMPLE BOOK



ကျော်အောင် ဘာသာပြန်တဲ့ ဆမ်းမားဆက်မွမ်ကြိုက်တဲ့ ဝတ္ထု ၁၀ အုပ်အကြောင်း ဖတ်ရတယ်။ တကယ်တော်တဲ့လူပဲ။ ဒါပေမယ့် သူ့အယူအဆတွေကို ငါသဘော မတူဘူး။ ဒီလိုသဘောမတူခွင့်ရတဲ့အတွက် မွမ်ကို နှစ်သက်မိပါတယ်။

ည ၁၀ နာရီခွဲ
၂၆ မေ

ငါ့ကိုငါ
တဏှာရာဂကြီးလွန်းတဲ့လူ ဟုတ်မဟုတ်
ဝေခွဲမရဖြစ်နေတယ်။

ကာမမွှတ်သိပ်မှုက
ငါ့အလုပ်ကို အတော်များများ ထိပါးစေခဲ့တာတော့ အမှန်ပါပဲ။
တဏှာကြီးတဲ့လူတစ်ယောက် ဟုတ်တာနဲ့မဟုတ်တာ
ငါ့အတွက်တော့ ဘာမှမထူးခြားလှပါဘူး။
ဒါပေမယ့် အနှောင့်အယှက်ဖြစ်တာကိုတော့
ကိုယ့်ကိုယ်ကို ဒေါသဖြစ်မိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



*လူတို့သည် သူတို့ဘဝတွင်သာ သူတို့နေကြသည်မဟုတ်၊ သူများဘဝထဲသို့လည်း ဝင်ကာ နေထိုင်တတ်ကြသည်။(မှတ်)

*အင်္ဂလိပ်စာပေအဖို့ 'ကီ' တစ်ယောက်အသေစောပြီး'ဝပ်စဝပ်' တစ်ယောက်အသေ နောက်ကျသည်မှာ ကံဆိုးခြင်းပင်ဖြစ်သည်။(မှတ်)

mgyoe.com

mgyoe.com SAMPLE BOOK



၂၇ မေ

ကိုယ့်ကိုယ်ကို ကဗျာဆရာလို့ကြွေးကြော်ဝံ့တဲ့
ယုံကြည်မှုမျိုးကို ငါရခဲ့ပါပြီ။

အမေချစ်ခဲ့တဲ့
ခင်မြင့်နွယ် တဝက်တပျက်ချစ်ခဲ့တဲ့
'လူဆိုးလေး' တစ်ယောက်နှလုံးသားက
ကဗျာထွက်လာတယ်ဆိုတာ
ခင်ဗျားတို့ယုံရဲ့လား။

ကျွန်တော့်အချစ်ဆုံးအရာတွေက . .

ဆေးလိပ်
ကျွန်တော်
ကဗျာ
နှလုံးသားထဲက 'သူ့ရုပ်ပုံ'
မတ်က်စ်ဝါဒ
စာအုပ်
လူအချို့

အကြိုက်ဆုံးတွေက

မိန်းမ
လက်ဘက်ရည်
တရုပ်ဆိုင်ထမင်းဟင်း
လုံလုံခြုံခြုံအိပ်ခန်းတစ်ခု
သူများက ကိုယ့်ကို အကောင်းပြောခြင်း
အဝတ်ကောင်းကောင်း ၃ စုံ။

mgyoe.com

mgyoe.com

SAMPLE BOOK

မေ ၂၈ ၁၉၇၅

ကမ္ဘာကြီးကား
မီးလောင်နေချေပြီ။

ကိုပေါ်ဝေး

ကျွန်တော်တော့် ကံကြမ္မာကို တော်တော်တုန်လှုပ်နေမိတယ်။ ကျွန်တော့်ပြဿနာများအတွက် ဖြစ်နိုင်ဦးမယ်ဆိုပါက နည်းနည်းစီစဉ်ထားပေးပါ။ သိပ်အားနာပါတယ်။ ကျွန်တော့်ခေါင်းထဲမှာ ဘုရားရှိခိုးချင်နေတယ်။
အောင်ချိမ့်
၂၃ မေ ၁၉၇၅

နှလုံးသားဆတ်ဆတ်ခါသွားသည်။
ငါ့ရှေ့မှာ ကွပ်လပ်ကြီး
အမိုးမဲ့၊ အကာမဲ့၊ အရိပ်မဲ့
မှောင်မိုက်လွန်းလှချည်ရဲ့။



mgyoe.com

mgyoe.com SAMPLE BOOK



နေ့တွေက တရွေ့ရွေ့ပျောက်ဆုံးကုန်ကြတယ်

ခင်ဗျားတို့ပြောတဲ့ 'ဖြစ်တည်မှုပဓာနဝါဒ' ဆိုတာ ဘာလဲ

အဲဒီတံတားက လျှောက်ကြည့်တော့လည်း မြစ်လယ်မှာ တံတားကျိုးကိုကြည့်ပြီး ပြန်လှည့်ခဲ့ရတာပါပဲ။

ဒါပေမယ့် တကယ်ကျေးဇူးတင်ပါတယ်ဗျာ။

ကျွန်တော့်ခေါင်းထဲက 'ငြီးငွေ့မှုနဲ့အမုန်း' ကို ထုတ်ယူလွှင့်ပစ်ပေးကြပါ
'ချစ်တတ်သူ' အဖြစ် ကျွန်တော့်ကို အသက်ရှင်ခွင့်ပေးပါ
နေထိုင်ခဲ့မှုအတွက် တန်ရာတန်ကြေး ကျွန်တော့်ခြေရာလေးတစ်စုံ
ပေးခဲ့ပရစေ။

mgyoe.com

mgyoe.com SAMPLE BOOK



မေ ၂၉

'အိမ်
နာရီနှင့် ပြက္ခဒိန်'
နလုံးသားကို တစ်ဖဲ့စီ ကိုက်စားနေကြပါပေါ့လား
ကြာကြာနေရင် ငါရူးသွားလိမ့်မယ် ထင်တယ်

"၁၀ နှစ်"

ငါ့ တစ်ကိုယ်လုံး မီးဟုန်းဟုန်းစွဲလောင်နေပြီ
တစ်စစီပေါက်ကွဲထွက်ကုန်တော့မယ် ထင်ပါရဲ့။

အိမ်
ပြက္ခဒိန်နှင့် လမ်းမများ

mgyoe.com

mgyoe.com SAMPLE BOOK



မေ ၃၀
'ရွှေကြည်အေး'ထဲက မျက်နှာတွေဟာ တစ်ဝက်ပဲအသက်ရှင်ကြသလိုပဲ
အုံ့သြစရာ ကောင်းလိုက်တာ။
ဒီလို တစ်ခါတစ်ခါ ပြုံးတတ်ရယ်တတ်တဲ့အတွက်
ငါ့ကိုယ်ငါ သိပ်ကျေးဇူးတင်မိတယ်။
အနုပညာသစ္စာရန့်မှာ သူတို့ယစ်မူးကြပုံမရပါ။

'တောင်ဆင်းမှာ မြင်းကပဲ ရထားကို ဆွဲသလား
ရထားကပဲ မြင်းကိုတွန်းချနေသလား'

၃၁ မေ

တစ်ခါတစ်ခါ
ဒီအရောင်ကို
ကျွန်တော်ချစ်တယ်
ဖော်ဝေး

လခထုတ်ရက်
သွေးစက်ပေကျံ
ပိုက်ဆံတွေလား.
ငါ့ကို ကိုက်ဖဲ့စားကြပေါ့။

ကြေကွဲစရာ အိပ်မက်တို့ဖြင့်
လူလားမြောက်ခဲ့သူ အသင်

'ဘဝတွင်ငယ်ရွယ်ပါသေးလျက် မုဆိုး၏နောက်လိုက်ခွေးလေးတစ်ကောင်
ဖြစ်နေသော လူသားတစ်ဦး'..။
*(ဂေါ်ကီ)*

mgyoe.com

mgyoe.com SAMPLE BOOK



အမနာပသတင်းစကားများကို သတ်ပစ်ရန်အကောင်းဆုံးနည်းမှာ နှုတ်ဆိတ်နေလိုက်ခြင်းပင်ဖြစ်သည်။ (ဂေါ်ကီ)

× × × × × × × × ×

အနုပညာရှင်သည် အမှန်တရားကိုဖွေရှာခြင်းမပြုဘဲ ၎င်းတို့ကို ဖန်တီးယူပေသည်။ (ဂေါ်ကီ)

× × × × × × × × ×

ဇွန် ၃၊ ၇၅
ခြတက်နေသော ဝိဉာဉ်
အပြုံးဆင်ယင်ထားသောစက်ရုပ်။

ငါတို့ဟာ တစ်ဦးနဲ့တစ်ဦးယုံကြည်ရမယ်။
ငါတို့တစ်တွေမှာ လူများများစားစားမရှိကြဘူး
ပြီးတော့ ငါတို့မှာ ကိုယ့်အခက်အခဲနဲ့ကိုယ် ရှိနေကြတယ်။
*(ကိုရိုလင်ကိုမှ ဂေါ်ကီသို့)*

mgyoe.com

mgyoe.com SAMPLE BOOK



၄၊ ဇွန်

× တစ်မနက်လုံးမိုးရွာနေတယ်။ မိုးပေါက်သံတွေကြားက ဂေါ်ကီရဲ့ စာပေရုပ်ပုံလွှာဟာ ငါတို့ကို လွှမ်းမိုးလှုပ်ခါနေတယ်။ 'စိတ်ဆတ်လွတ်လပ်မှု'တဲ့။ ကောင်းလိုက်တဲ့ စကားနော်။

× ညနေခင်းကျတော့လည်း မိုးရွာနေဆဲပဲ။ ကိုတိုး၊ ဘုန်းနွယ်လင်း၊ အောင်ချိမ့်တို့နဲ့ ပန်းဆိုးတန်းလက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်တယ်။ ဒီမှာတော့ ယူဂိုစလားဗီးယားကဗျာဆရာပိုပါနဲ့ တွေ့ရတယ်။ ဒီလူက တို့ကိုလှောင်နေသလိုပဲ။ ဟုတ်ပါတယ် . . . ခင်ဗျားသာ မြန်မာပြည်မှာ လူဖြစ်ရင်။ သိလား . . . ခင်ဗျားသာ ကျုပ်တို့လို မြန်မာပြည်မှာ မွေးပြီး မြန်မာပြည်အပြင်ဘက်ကို ဘယ်မှမရောက်ဘူးတဲ့၊ တခြားနိုင်ငံတွေမှာ ဘာဖြစ်နေမှန်းသိခွင့်မရတဲ့ လူမျိုးသာဖြစ်ရင် . . . ။ မြသန်းတင့်ကို ပြောလိုက်စမ်းပါဗျာ . . .။ Far writhers ကို သဘောကျသလား။ ဒါကိုသာ သဘောကျရင် ခင်ဗျားကို ခင်ဗျားသဘောကျတော့မှာ မဟုတ်ဘူးလို့။

× တောင်ဥက္ကလာ ၁၀ ဈေး ညဈေးတန်းက ထမင်းကြော်ဟာ ငေါ်တူးတူးနဲ့။ ဒူးယားမှိုတက်ကို ၄၅ ပြားပေးခဲ့ရတယ်။

× နောက်အနှစ် ၁၀၀ လောက်မှာသာ ငါမွေးရင် စံပြကဗီးက ကိုယ်ဝန်နဲ့၊ လင်နဲ့ လှလှပပ ကောင်မလေးကို ချစ်တယ်လို့ ပြောဖြစ်မှာပဲ ထင်တယ်။

ဇွန်၊ ၅

ကျယ်လောင်သောမြည်ဟီးတဲ့ အသံအောက်မှာ အသေးအဖွဲကိစ္စလေးတွေနဲ့ အလုပ်ရှုပ်နေသူ။ အစစအရာရာရဲ့အပေါ်မှာ မိမိကိုယ်ကို သက်ညှာစွာ တယုတယတင်ထားတတ်သူ။ အလွယ်တကူခေါင်းငြိမ့်တတ်၊ အလွယ်တကူ ခေါင်းခါတတ်လျက်ခေါင်းမာတတ်သူ။ ရက်ရက်စက်စက်အစော်ကားခံရသော်လည်း သည်းခံဖူးပြီး၊ အမှတ်မထင်ပေါ့ပေါ့ပါးပါးလေးတွင်လည်း အံ့သြဖွယ်ရာ

mgyoe.com

mgyoe.com SAMPLE BOOK



ဒေါသပေါက်ကွဲတတ်သူ။ အချိန်အတော်များများတွင် မိန်းမဒ္ဒ စိတ်ဝင်စားကာ အနုပညာအပေါ် သံသယကြီးနေတတ်သူ။ အထင်ကြီးခံလိုစိတ်နှင့် မိမိဝိညာဉ်ကို ရိုင်းပြစွာ ညှင်းပန်းနှိပ်စက်တတ်သူ။ "အရာရာသည် ဘာမှမဟုတ်"... ဤ အတွေးအခေါ်နှင့် လောကကြီးကို ပက်ပက်စက်စက်ဖျက်ဆီးကာ ပျောက်ဆုံး သွားသော မိမိအတ္တအတွက် သည်းထန်စွာ ငိုကြွေးနေတတ်သူ။

[ ]

တစ်ကိုယ်လုံး အညစ်အကြေးတွေပေနေတဲ့ "ဖော်ဝေး" အပြင် "ကဗျာ ဆရာဖော်ဝေး" တစ်ယောက်ကိုလည်း ခင်ဗျားတို့ တွေ့မြင်ကြစေချင်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



ဘာပဲဖြစ်ဖြစ်
သူတို့ဟာ သူ့ရဲကောင်းတွေ
ဖြစ်တယ်။

လူငယ်တွေရဲ့ ရင်ခုန်သံထက်
ပိုချိုမြိန်တဲ့ ဂီတ မရှိပါ

စဉ် ၊ ၉

စဉ် ၊ ၁၁

× လူငယ်အားမာန်၏ သက်တန်း။
× မွှေးသည်းသည်းပင် ဝင်းပလျက်။

မနက်ခင်းကို
သူတို့သာ ပိုင်စိုးတယ်။

စဉ် ၊ ၆

စဉ် ၊ ၁၀

စဉ် ၊ ၇

ခင်ဗျားတို့ ကျွန်နော်တို့ရဲ့ ဆန္ဒအားလုံးထက်
ဟောဒီလက်တွေ့လေးတစ်စက်က
ပိုလှတယ်

စဉ် ၊ ၈

mgyoe.com

mgyoe.com SAMPLE BOOK



ဇွန်၊ ၁၃

မဟူရာကိုကို
မြင့်မြင့်စိန်
မောင်ချောနွယ်
အောင်ချိမ့်
ဘုန်းနွယ်လင်း
ကိုတိုး
ဖော်ဝေး

[အခန်းကျဉ်း ထောင့်ကွေးမှာ
မေတ္တာနဲ့ နွေးကြပါစေ]

၁၇၊ ဇွန်
[ကိုတိုး၊ သိဒ္ဓတ္ထလှိုင်၊ ကျွန်နော်] [အောင်ချိမ့်၊ မောင်ချောနွယ်].. "ဝင်း"ဘား။
နောက် . . . [မဝေ၊ မကော်၊ မြင့်မြင့်စိန်၊ မဟူရာ၊ တာရာ] သိဒ္ဓတ္ထလှိုင်ရဲ့အိမ်
အရက်မူးရတာ သိပ်ပျော်စရာ မကောင်းပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK


ဇွန်၊ ၁၉

ပေးဆပ်စရာတွေအများကြီး ကျန်နေသေးတာပဲ။ အစမ်းသပ်ခံနေ့ရက်များဟာ ပေါ့ပေါ့ပါးပါးမြူးထူးစော်ကားသွားတာမျိုးပါ။ တစ်နေရာက လွင့်ကျလာတဲ့ အချိန်နာရီတချို့ဟာ ငါ့ကိုပက်ပက်စက်စက် ဆဲဆိုသွားကြတယ်။ လူ့အဖွဲ့အစည်းဟောင်း၊ လူ့ကျင့်ဝတ်ဟောင်းတွေမှာ ပိုးမွှားမျိုးစုံလွန်းလှတယ်။ ကိုယ့်ကိုကိုယ် ဘာကောင်လို့ သိပြီးမှတော့ ဘယ်လိုကောင်တွေဖြစ်နေတဲ့ တခြားလူတွေကို အရင်းအတိုင်းမြင်ရတာအားနာစရာကောင်းလိုက်တာ။

ဒီလိုလှပလွန်းတဲ့ လသာညမျိုးမှာ ဝမ်းနည်းပက်လက်ရယ်မောနေမိတာလည်း ရာဇဝတ်မှု တစ်မျိုးဖြစ်ပါတယ်။ အဘိဓမ္မာဆရာတွေရဲ့ ဘဝအဓိပ္ပာယ်ဖွင့်ဆိုချက်ခြောက်မြားစွာကို မဝင်စားနိုင်တာလည်း ခွင့်လွှတ်ကြပါ။ တရားဟောလိုသူပုဂ္ဂိုလ်များအတွက် တစ်နေရာစာမှ ဖယ်မပေးနိုင်တဲ့ ကျွန်တော့်အတ္တအတွက်ပဲ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူနေမိတယ်။ ဒီလို အလှညမျိုးမှာမှ ရနိုင်တဲ့ ချမ်းငြိမ်းကြည်မောမှုမျိုးကို ခံစားနိုင်သူသာ ဘဝကို နားလည်သူဖြစ်ပါတယ်။
ကျွန်တော့်ကို သိကျွမ်းသူဖြစ်ပါတယ်။

x

ခင်ဗျားကို ကျွန်တော်ချစ်နိုင်တယ် . . . ဒါမှမဟုတ် ချစ်တယ်
ခင်ဗျားကို ကျွန်တော်မုန်းနိုင်တယ် . . . ဒါမှမဟုတ် မုန်းတယ်

ဘယ်တုန်းကမှ ခွင့်မတောင်းဘဲ ယူထားတဲ့ ဒီအခွင့်အရေးကို ခင်ဗျားဆန္ဒမပါဘဲ တစ်သက်လုံးယူထားမယ်။ သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ကျွန်တော့်အချစ်နဲ့ အမုန်းအတွက်ဘယ်တော့မှ ကြေကွဲမိမှာလည်း မဟုတ်ဘူး။ နောင်တရမိမှာလည်း မဟုတ်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK



၂၉၊ ဇွန်

ဟိုးအတိတ်ဆီက ငါတစ်ယောက်ကိုနွေးထွေးကြည်မွေ့စွာ
ပြန်တွေ့လိုက်ရပြန်တယ်။ တူမလေး ပျော်ပါစေ . . .
ငါ့လို တူမလေး သောကမဖြစ်ရပါစေနဲ့
တူမလေး ပျော်ပါစေကွယ် . . .။

ညီ၊ ညီမ၊ တူ၊ တူမတွေ သိုက်သိုက်ဝန်းဝန်း မေတ္တာနဲ့ ရွှန်းရွှန်းစိုနေတဲ့ အိမ်အိုးအိမ်မဲ့ ကြီးပြင်းခဲ့ရသူရဲ့ ဘဝမှာ ဒါတွေဟာ တစ်ခါတစ်ခါ သိပ်ရင်းနှီးခဲ့ဖူးသလို
တစ်ခါခါတော့လည်း ဖွာလံကြဲစွာ စိမ်းဝေးလွန်းလှပါရဲ့ . . . ။

"အစဉ်အလာနေထိုင်ခြင်း ကောင်းကင်ကြီး" အောက်မှာ
တွေးခေါ်မှုမဲ့စွာ
ဆင်ခြင်လေးနက်မှုမဲ့စွာ
လောကအား ကြံစည်ခြင်းကို မဥပါဒ်ဘဲ
တည်ရှိခြင်းထက်ပိုပြီး အဓိပ္ပာယ်နားလည်ရန်မလိုဘဲ
အတွေးကို စီးပွားရေး၊ အိမ်ထောင်ရေးနယ်ပယ်ထက်
ကျော်လွန်ရန်မသိဘဲ
ထုံထိုင်းစွာ၊ ရိုးသားစွာ၊ ပျော်ရွှင်(သို့)ဝမ်းနည်းစွာ
သူတို့လိုပဲ အသက်ရှင်ဖြစ်ခဲ့ရင် . . . . . . . . . . . .
[မဟုတ်ဘူး။ မဟုတ်ဘူး။ မဟုတ်ဘူး]
ဒါပေမယ့် အကြိမ်တော်တော်များများ
အားကျနေမိတယ်ဆိုတာတော့
ကြေကွဲပူလောင်စွာ
နာနာကျည်းကျည်းဝန်ခံရမှာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK



မအူပင်ဆိပ်ကမ်းမြို့ . . .။

မအူပင်ကမ်းခြေလေးဟာ လှတယ်ဆိုရင်
သင်္ဘောဆိပ်ဘေးက လက်ဖက်ရည်ဆိုင်လေးမှာ
ရှိဝေစွာ စာထိုင်ရေးနေတဲ့ "ငါ"ကြောင့်
အလှဟာပို ပြည့်စုံလာလိမ့်မယ်

အဖေမဲ့၊ အမေမဲ့ကြီးပြင်းခဲ့ရတဲ့
ညီမလေး 'မနွဲ့' ဟာ ခုချိန်ထိ
ဒုက္ခပင်လယ်ထဲ စုန်းစုန်းမြုပ်နေဆဲပါလား
အစ်ကိုကြီးတစ်ယောက်ကို ဖအေလိုအားကိုးချင်တဲ့ မိန်းကလေး
ညီမလေးရယ် . . . ကံဆိုးလွန်းလှတယ်
ညီမလေးရေ . . . အစ်ကိုတို့အတွက် "နေသာချိန်"လေး
လည်း တစ်ခါတစ်လေတော့ ခံစားခွင့်ရသင့်ပါသေးတယ်
တို့မောင်နှမတွေရဲ့ ဆိုးဝါးလွန်းလှတဲ့ ကံကြမ္မာမှာ
ပျော်စရာတစ်ကွက်တစ်လေတော့ စွန်းထင်းနေသင့်ပါသေးတယ်
တစ်နေ့လောက် ဒုက္ခသည်ညီမလေးရဲ့ ညည်းညူခေါ်သံကို အစ်ကို့
နှလုံးသားက ပြန်ထူးနေတဲ့အချိန် မရှိတော့ပါဘူးကွယ်။

mgyoe.com

mgyoe.com SAMPLE BOOK



၃၀၊ ဇွန်

ရှိဝေညှို့မှိုင်းသောမနက်ခင်း
ခဲသားရောင်ရေပြင်ကျယ်
လှေငယ်လေးပေါ်က ထမိစိမ်းစိမ်းလေးများ
နှုတ်ဆက်၍ထားခဲ့ပါပြီ . . .။

ငြိမ်းအေးနက်ရှိုင်းသော
ရိုးရှင်းညွတ်နူးဖွယ်ကျေးလက်တို့အလှ
မြင့်မားကျိုးပဲ့ဝေါဟာရနှင့် တောကျောင်းဆရာ
တံငါလှေထက်က ဈေးသည်မလေးများ
စကားဆွံ့အသော အမေအို
ရန်ကုန်ဈေးသည်တို့၏ လှူလည်အပြုအမူ
ထူထိုင်းထိုင်းအတတမျက်နှာများ
'တောသားကြီး'ဆိုတဲ့ သဘော်ရဲ့ ရင်ခွင်ထဲမှာ။

mgyoe.com

mgyoe.com SAMPLE BOOK



ရှုလိုင်၊ ၁

ငွေရောင်ကားချပ်ထက်မှာ အနက်စက်တွေ တဖြေးဖြေးများများလာတယ်။ ကဗျာမရေးနိုင်တဲ့ ရက်တွေဟာ တစ်ကိုယ်လုံးပေါ်က "ညှိစို့စို့အနာတွေ" ပေါ် တပျော်တပါး ပြေးလွှားသွားကြလေရဲ့။ သွေးကြောထဲမှာ တဖျစ်ဖျစ် ပေါက်ကွဲနေတဲ့ "အလိုမကျမှု ပူစီပေါင်း" လေးတွေရဲ့ အောက်ခြေမှာ "ငါ" ဟာ မြှုပ်ချည် ပေါ်ချည် ကယ်ပါ ယူပါ တစာစာ ဟစ်ကြွေးခဲ့ဖူးပေါင်းများပါပြီ။

၂၊ ရှုလိုင်

အတုပ်အနှောင်ခံထားရတဲ့ကြိုးတွေကို
ဖြည်ဖို့ ဒီကနေ့ စတင်အားထုတ်လိုက်ပါပြီ။
သင်တို့ စဉ်းစားဖို့တောင်မဖြစ်နိုင်တဲ့
နှလုံးသားထဲ တဒုတ်ဒုတ်ရိုက်သွင်းခံထား
ရတဲ့ သံမှိုတွေကိုလေ . . .။
ခြသေ့်လိုဟောက်ချင်ပေမယ့် ယုန်လေးလို
ကြောက်တတ်ခဲ့တဲ့ ခပ်ပေါ့ပေါ့
ရယ်မောလိုက်စရာ သတ္တဝါတစ်ကောင်ရဲ့
နှလုံးသွေးကို မြည်းကြည့်ကြစမ်းပါ။

မိုးစိုနေတဲ့ လျှပ်စစ်မီးရောင်များရဲ့ အမြိတ်မှာ တိတ်ဆိတ်နေတဲ့ လက်ဖက်ရည် စားပွဲ။ အတွေးများထဲတွင်သာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်တတ်သူ။ ဖွက်အိုင်ထဲ တွင် အရိပ်ထင်နေသော ထမိစ။ ပြက်ရယ်ပြုနေသော နှစ်ဆယ်တန်တစ်ရွက်။ ထမင်းဆာ၊ အချစ်ဆာနေ၍ အိမ်ပြန်သွားသော "အောင်ချိမ့်"။ ပေါ့ပျက်လွင့်ပါး နေသော "ဖော်ဝေး"။

အေးဗျာ . . . မိုးရေရွှဲရွှဲနစ်နေတဲ့ အမှောင်ကြီးအောက်မှာ
မိန်းမတစ်ယောက်နဲ့ အတူတူအိပ်နေရရင်
သိပ်ကောင်းမှာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK



၄၊ ဓူလိုင်

× အချစ်နဲ့

× အပြုံးနဲ့

× နူးညံ့မှုနဲ့

× ညှဦးပြောင်းခြင်းနဲ့

× မွေးရနံ့နဲ့

× အချိုနဲ့

× အလှအပနဲ့

× ဘဝကို

× × မြည်းစမ်းမိဖူးကြပါစ။

ငါပြန်ရောက်လာတဲ့အခါ ငါ့လက်ထဲမှာ ကမ္ဘာသစ်ကြီးပါလာလိမ့်မယ်။

သူတို့ ကျွန်တော့်ကို ဆုပ်ဖမ်းရင် သူတို့လက်ထဲမှာ မီးလျှံ

သူတို့ ကျွန်တော့်ကို ရိုက်နမ်းရင် သူတို့အဆုတ်မှာ အဆိပ်

ကျွန်တော့်တစ်ကိုယ်လုံးကို လှုပ်ခါလိုက်တော့
"အမုန်း"တွေဟာ ဖြူတောင်တွေလို လွင့်စင်သွားတယ်

လူမသိသူမသိ ဖန်တီးထားတဲ့ ငါ့ခန္ဓာကို
ကမ္ဘာဟောင်းရဲ့ အနာပေါင်းများစွာနဲ့ထုလုပ်တယ်

mgyoe.com

mgyoe.com SAMPLE BOOK



**ဇူလိုင်၊ ၇ ရက်**

၂၄ နာရီလို့ သတ်မှတ်ထားတဲ့အချိန်ပိုင်းလေးထဲကနာရီတချို့ကို တစ်စုံတစ်ရာက ပြုစားထားသလိုပါပဲ။ ဘာကိုမှလည်း မသိချင်ဘူး။ ဘာကိုမှလည်း မကြားချင်ဘူး။ လှုပ်လှုပ်ရှားရှားဖြစ်နေတဲ့ မြင်ကွင်းအားလုံးကို အမုန်းကြီးမုန်းနေမိတယ်။ စောင်ခေါင်းမြီးခြုံထဲ ဝင်ပုန်းနေတော့ ဟောဒီလောကကြီးထဲက လွတ်မြောက်ရော့လား။ အိပ်ခြင်းကို ငြီးငွေ့စွာနဲ့ တခြားအစားထိုးစရာမရှိတော့လို့ လက်ခံလိုက်ရတဲ့ မသက်သာမှုဟာပဲ တခြားရရှိနိုင်သမျှထက် ဝန်ပေါ့နေပါသေးတယ်။

ဥပေက္ခာအမှိုက်ပုံကြီးလာစုဝေးတဲ့ ဘဝမုန်တိုင်းကြီးကိုပဲ ကျေးဇူးတင်ရပါသေးတယ်။ ခုနေမှာ ငါ့ရင်ထဲ ဥပေက္ခာတရားသာ မရှိခဲ့ရင် ဘယ်လိုလုပ် အသက်ရှင်ဖြစ်တော့မလဲ။ လူတွေဟာ ရယ်စရာတွေ့ရင် ရယ်တယ်။ ငိုစရာရှိရင် ငိုတယ်။ ဘဝကို ရယ်လိုက် ငိုလိုက်နဲ့ သုံးဖြုန်းပစ်လိုက်ကြတယ်။ ရယ်ခြင်းနဲ့ ငိုခြင်းကို နက်နက်ရှိုင်းရှိုင်းစားသုံးတတ်သူလည်း ဖြစ်ချင်ပါရဲ့။ ခုတော့ ဥပေက္ခာဒယ်အိုးပေါ်အငိုနဲ့ အရယ်ကို တင်ထားခဲ့ရသူအတွက် ဘဝဟာ ဘယ်လောက်သွေ့သယောင်းနေမလဲ စဉ်းစားကြည့်ကြပါ။ ကျွန်တော်လည်း တလောကလုံးက သောကတွေ၊ ဒုက္ခတွေကို ကိုယ်တစ်ယောက်တည်းရဲ့ ခေါင်းပေါ်လာစုနေသလို အလန့်တကြားငြီးညူအော်ဟစ်နေသူ မဖြစ်ချင်ပါဘူး။ ယုံပါ။ ခင်ဗျားတို့လိုပဲ သောကတွေအပေါ် အောင်နိုင်သူအဖြစ် ပျော်နေချင်ပါတယ်။ ကျွန်တော့်နှလုံးသားထဲ၊ ဦးနှောက်ထဲ၊ မျက်လုံးထဲက "အပျက်ပြင်"ကြီးဟာ ကျွန်တော်ဘာသာ လိုလိုလားလားရှိလို့ရောက်နေတာမဟုတ်ဘူး။ ကျွန်တော့်ဘဝရဲ့ ဝဋ်နာကံနာကြီးပါဗျာ။

ကဗျာဆရာဆိုတဲ့ နံရံကြီးသာမရှိရင် သံမှိုလေးလို လွင့်စင်သွားတာကြာရော့မယ်။ ရုံးသဘောဆန်လွန်းတဲ့လက်တွေ၊ ခြေထောက်တွေ၊ အသံတွေ၊ မျက်နှာတွေ။ တော်တော်ကြာ အိပ်ရတော့မယ်။ မိုးလင်းလာမယ်။ ရုံးတက်မယ်။ ထမင်းစားမယ်။ ရုံးတက်မယ်။ ဖိုင်တွဲတွေကြားထိုင်မယ်။ ရုံးဆင်းမယ်။ ရေချိုး

mgyoe.com

mgyoe.com SAMPLE BOOK



မယ်။ ထမင်းစားမယ်။ နောက် လက်ဖက်ရည်သောက်မယ်။ အိပ်မယ်။ နောက် မိုးလင်းမယ် . . . အို . . . ခင်ဗျားတို့ ပျော်နိုင်တယ်နော်။

ဇူလိုင်၊ ၈

ကနေ့ညနေ မိုးတွေက သည်းသည်းမည်းမည်း ရွာလိုက်တာ။ အင်္ကျီသစ်လေးတစ်ထည် ချုပ်ဖြစ်လို့ ရမယ့်နေ့မို့ ရင်ထဲ နွေးနေသလိုပဲ။ အင်္ကျီရွေးခဲ့မယ့် ကိုအောင်ချိမ့်က အချိန်တန်လို့ ပြန်မရောက်တော့ ရင်ထဲပူလောင်လာပြန်တယ်။ ကျွန်တော်က မမျှော်လင့်တာတွေ ဖြစ်တတ်လွန်းလို့။

ညနေပိုင်းမိုးစဲတော့ တူမလေး 'စိမ့်'က သူ့အင်္ကျီ၊ ဘောင်းဘီသစ်လေးတွေ ချုပ်ထားတာဝတ်ပြချင်လွန်းလို့ လာခေါ်တယ်။ ကလေးပီပီ ဘယ်လောက်ပျော်လိုက်လေမလဲ။ ငါ့အင်္ကျီသစ်လေးရတော့ ကလေးကို သတိရပြီး ပြုံးနေမိသေးတယ်။

ဒီကနေ့တော့ အင်္ကျီသစ်လေးတစ်ထည်နဲ့ ကိုယ့်ကိုကိုယ် ကုသိုလ်ကောင်းမှုပြုလိုက်တာပါပဲ။ မပြည့်စုံသူတို့အတွက် တစ်စုံတစ်ခုဟာ ပြည့်စုံသူတို့ရဲ့ အလုံးစုံထက် ပိုတန်ဖိုးကြီးပါတယ်။

စိတ်ကျေကျေနပ်နပ်နဲ့ မအိပ်ခင်လေးမှာ တစ်ကမ္ဘာလုံး အင်္ကျီသစ်လေးတွေကိုယ်စီနဲ့ ပျော်ကြပါစေလို့ ဆုတောင်းပေးခဲ့ချင်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



ဇူလိုင် ၉ ရက်ရဲ့ တစိမ့်စိမ့်မိုးပေါက်တွေကြားမှာ တစ်ကြောင်းဆွဲရုပ်လွှာတစ်ခု လာထင်နေတယ်။ ရေစားထားလို့ တချို့နေရာမှာ မပီမသဖြစ်လို့၊ အချိန်စားထားလို့ တချို့နေရာပြတ်ထွက်လို့။

မြစ်ရေပေါ်မိုးရွာချနေတယ်။ သင်္ဘောကြီးတစ်စင်းလုံး အိပ်မောကျနေပြီ။ အမေဟာ ငါ့ ခြင်ထောင်ဘေးမှာ တရှုံ့ရှုံ့ငိုနေတယ်။ သူအင်မတန် ချစ်လည်းချစ်တဲ့၊ အားလည်းကိုးတဲ့ သားကြီးသြရသဟာ မြို့တက်နေပြီး ကျောင်းနေရတော့မယ်။ ဦးလေးဟာ နေ့ခင်းကပဲ ငါ့ဆံရစ်ဝိုင်းကို ညှပ်ပစ်လိုက်တယ်။ သူ့တူတောသားလေးကို သျှောင်ကြီးဖွေလို့ အခေါ်ခံရမှာစိုးလို့ တဲ့။ ငါ့ရင်ထဲမှာတော့ အမေနဲ့ မခွဲလိုတဲ့ စိတ်၊ မြို့ကျောင်းဆိုတာကို သိလိုတဲ့စိတ်၊ အထူးအဆန်းတွေနဲ့ ပြည့်လျှမ်းနေတဲ့မြို့ကို ပြေးကြည့်ချင်တဲ့စိတ်တွေ လုံးထွေးရစ်ပတ်ပြီး ဆို့နင်နင်ကြီး ဖြစ်နေတယ်။ သူတို့မြို့ကျောင်းက ငါ့ကို သူငယ်တန်းမှာ ထားတယ်။ ငါငိုတာနဲ့ ပထမတန်းတက်ရတယ်။ လူတွေဟာ စကားမပီတဲ့ငါ့ကို ဝိုင်းရယ်ကြတယ်။ ပေတေတေနဲ့၊ ဂျစ်ကန်ကန်နဲ့၊ ပိန်ခြောက်ခြောက် ကောင်လေးဟာ အတန်းတိုင်း ပထမရသတဲ့။ ခြောက်တန်းမှာတုန်းက အသက် ၁၄ နှစ်။ ဝတ္ထုတွေဖတ်ပြီး အချစ်ဆိုတာ သိချင်စမ်းနေတယ်။ အသက် ၁၅ နှစ်မှာ ရည်းစားထားတဲ့ ကောင်လေး။ သူ့ချစ်သူက ၁၃ နှစ်။ ပျော်သလား။ အင်း . . ပျော်လည်း ပျော်တယ်၊ ရင်ထဲမှာလည်း ပူလောင်နေတယ်။ သိနေပြီ . . . ငွေ၊ ဂုဏ်၊ ရာထူး၊ အဆင့်အတန်းတွေကို စမ်းသပ်ထိတွေ့ပြီးနေပြီ။ ဒဏ်ရာတွေလည်း အတော်ရပြီးနေပြီ။ ကျွန်တော်ကြီးပြင်းလာရင် နိုင်ငံရေးလုပ်မယ်တဲ့။ အားကျစိတ်နဲ့ ခုံဖိနပ်လည်း စီးတတ်ပြီ။ ပင်နီတိုက်ပုံထူထူလည်း ဝတ်တတ်ပြီ။ ချစ်သူကိုလည်း လူတန်းစားမေတ္တာကို ဟောတတ်နေပြီ။

လပြည့်ည။ သာလိုက်တဲ့ လ လေ။ ခြံစည်းရိုးအမြင့်ကြီးကို ကျော်တက်ပြီး မိန်းမတစ်ယောက်ရဲ့ နှုတ်ခမ်းချိုချိုကို နမ်းရှိုက်ဖူးတယ်။ ပါးမို့အိအိကို မွှေးကြူလိုက်ဖူးတယ်။ ငယ်ကြပါသေးတယ်။ ငါ့လူပျိုဘဝကို ထိန်းမယ်။ သူ့အပျိုဘဝကို ထိန်းမယ်။ တို့နှစ်ယောက် လက်ထက်ပြီးတဲ့ညမှ . . .။ ငယ်ရွယ်မှု

mgyoe.com

mgyoe.com SAMPLE BOOK



အားမာန်နဲ့ တက်ကြွနေတဲ့ ၁၈ နှစ်သားလေးရဲ့ ရင်ထဲမှာ ခေတ်ကာလဟာ လုံချည်သစ်၊ အင်္ကျီသစ်နဲ့မို့ မင်းသားလေးလို လှနေတယ်။ ၁၀ တန်းအောင်တဲ့ ညက ငိုမိတယ်။ တက္ကသိုလ်ကို ရောက်ဖူးချင်လိုက်တာ။ အသက် ငယ်ငယ် ရွယ်ရွယ်နဲ့ ခေတ်ကာလထမ်းပိုးကို ထမ်းဖို့ ငါ့မြို့ငါ့ရွာက ငါထွက်ခဲ့ပါပြီ။ ချစ်သူက မောင့်ခံစားချက်တွေကို နားလည်ပါတယ် တဲ့။ မောင် အောင်မြင်ပါစေ တဲ့။ အမှောင်ထုထဲမှာ ပိုးမွှားလေးတစ်ကောင်ဟာ သောကတွေ၊ နောင်တတွေ ပိပြီး မချိမဆန့်အော်ဟစ်နေတယ်။ မှားပါပြီ။ မှားပါပြီ တဲ့။ ကြေကွဲစရာ တစ်ချိန်တည်းမှာပဲ ရင်မောစရာ။ ဖောက်ထွက်ဖို့ လမ်းစကော။ တစ်ခါတစ်ခါ အလင်းရောင်ဟာ ဝင်းကနဲ၊ ဖျတ်ကနဲ။ အချိန်အတော်များများမှာတော့ မှောင်လိုက်တာ ပိန်းလို့။ စာတွေအများကြီး ရောက်လာတယ်။ သြော် . . . သူ လက်ထက်သွားပြီ တဲ့။ အံ့သြစရာပေပဲလား။ ငါ့ရင်ထဲမှာ ဘာထိထိခိုက်ခိုက်မှ မဖြစ်ပါလား။ တစ်ချက်သာပဲ မိုက်ခနဲ ထူပူသွားတယ်။ ပြန်တည်ငြိမ်လာတာနဲ့ ငါသွားမယ့်လမ်းမှာ အနှောင့်အယှက်ကြီး ကင်းသွားသလို ကျေနပ်ဝမ်းသာ နေမိပြန်တယ်။ တစ်နှစ်လောက်ကြာသွားတယ်။ အချိန်ကာလနဲ့ ပတ်ဝန်းကျင် ဟာ လူကို အတိုင်းအတာ တစ်ခုအထိတော့ လွှမ်းမိုးပြုပြင်နေတာပဲ။ အိမ်မက်တွေ အကြီးအကျယ် ညစဉ် ဆက်မက်တယ်။ ငယ်ချစ်ဦးရဲ့ ရန်ထောင်ဟန် မျက်နှာလေးကိုပဲ မျက်လုံးထဲ လာလာ ထင်နေတယ်။ ငိုလိုက်ရတာကွယ်။ သူ လက်ထပ်ပြီး ကလေးတစ်ယောက် ရကာမှ အသည်းအသန် သေကောင်ပေါင်းလဲ ဖြစ်တော့တာပဲ။ လမ်းကပြောင်းသွားလေမှ လမ်းသစ်မှာ တွေ့ရမယ့် အဖော်ဟောင်းကို ပြန်တမ်းတမိတော့တာပါ။ မန်းသီတာဥယျာဉ်ဟာ တို့ရဲ့ နောက်ဆုံးနေ့။ မန္တလေးက ဆင်းလာတဲ့ ရထားကြီးဟာ တို့နှစ်ယောက်ရဲ့ နောက်ဆုံးည။ အမေသေတုန်းက ငိုခဲ့ဖူးတဲ့ မျက်လုံးဟာ ငယ်နုတယ်။ ချစ်သူ ခွဲခွာသွားလို့ ငိုတဲ့မျက်လုံးကကြီးရင့်လာပြီ။ ဒုက္ခတွေ၊ သောကတွေများစွာ တွေ့မြင်ရင့်ကျက်ခဲ့ပြီဖြစ်တဲ့ ဒီမျက်လုံးက မျက်ရည်ဟာ ပိုပြီးအားသန် သလိုပါပဲလား။

mgyoe.com

mgyoe.com SAMPLE BOOK



. . .တဲ့'။ မိုးဝေစာပေမဂ္ဂဇင်း။ အတ္တမာန်နဲ့ခုံးထနေတဲ့ စာရေးဆရာတွေ။ ကဗျာဆရာတွေ။ စကားပြေလား။ ကဗျာလား။ မောင်လေးအောင်၊ မောင်သင်းခိုင်၊ မောင်သာနိုး၊ အောင်ချိမ့်။ ကျိုးတိုးကျဲတဲသစ်ပင်တွေ တွေ့ရသလို အရိပ်ဝေဆာတဲ့ အပင်ကြီးတွေလည်း တွေ့ရတယ်။ ဒဂုန်တာရာကို အထူးကျေးဇူးတင်ပါတယ်။ 'သစ်ရွက်အသေများပေါ်မှ ရက်စက်သောဂီတ'မှာ တစ်ပိုင်းတန်းလန်းရပ်သွားတဲ့ ရုပ်လွှာကို အသာပြုံးပြနေမိတယ်။ မကြာခင် . . .၊ မကြာခင် . . .

၁၀၊ ဇူလိုင်

မနက်ခင်းတစ်ခု နိုးထလာပြန်ပါပြီ။ ဇူလိုင်မိုးဟာ မောသွားပြီထင်ပါရဲ့။ ငြူငြူစူစူကြီးလုပ်နေတယ်။ အောင်ချိမ့်ဟာ မျက်နှာသုတ်ပုဝါနဲ့ စွပ်ကျယ်အကျႌကို ရှောဖို့အစောကြီးထွက်သွားပြီ။ တို့မျက်လုံးတွေထဲက လောကကြီးနဲ့ တို့နှလုံးသားတွေထဲက လောကကြီးဟာ အသွေးအဆင်ကွဲလိုက်တာနော်။ ဒီခေတ်ကြီးကို ဘယ်လိုဖြတ်သန်းရမှာလဲ။

ရွှံ့မုန်းစရာကောင်းလိုက်တာ။ မသတီစရာကောင်းလိုက်တာ။ တို့က တို့နေထိုင်တဲ့ မွေးဖွားကြီးပြင်းရာကမ္ဘာကြီးကို လွတ်လပ်သန့်စင်တဲ့ စိတ်ဝိညာဉ်နဲ့ အမှန်မြတ်၊ အလှပဆုံးဆင်ယင်ဖို့ အားထုတ်တယ်။ ဒီကမ္ဘာကြီးက တို့ကို ပူဆွေးမှုတွေ၊ ဒုက္ခတွေ၊ နာကျင်မှုတွေပဲ ပြန်ပေးတယ်။ ဒီလောကကြီးက မတရားမှုတွေသာရခဲ့ပေမယ့် တို့ လုံးဝအားမလျှော့ပါဘူးကွယ်။ ပန်းတွေလည်း ပွင့်ပါလိမ့်ဦးမယ်။ နေသာတဲ့ရက်တွေလည်း လာပါလိမ့်ဦးမယ်။ ငှက်တွေလည်း တေးဆိုလို့။ လူတွေလည်း ဝတ်ကောင်းစားလှနဲ့ တပျော်တစ်ပါးသွားလာလှုပ်ရှားလို့။ ချစ်သူ့နှုတ်ခမ်းမှာလည်း အပြုံးလေးတွေ ပြန်ဖူးလို့။ အလွတ်လပ်ဆုံးပွဲတော်တွေမှာ အလှဆုံးသီချင်းလေးတွေ ညည်းရင်း ရှေ့ဆုံးတန်းမှာ အောင်ချိမ့်ကို တွေ့ရမယ်။ မောင်ချောနွယ်ကို တွေ့ရမယ်။ ဖော်ဝေးကို တွေ့ရမယ်။

mgyoe.com

mgyoe.com SAMPLE BOOK



ဘယ်သူမှ ငါ့ယုံကြည်ချက်ကို မလုယူပါစေနဲ့။
ပိုသိတာဖြင့်၊ သူ့ဟာသူ ယုံပါစေကွဲ့။

တစ်ခါတော့ လူအေးပညာရှင်တစ်ဦးဟာ
ရောမညည့်ခံပွဲတစ်ခုက အိမ်ပြန်သွားရာ
'ဘယ်လိုသဘောရပါသလဲ' သူ့ကိုမေးမိရဲ့
'သူတို့သာ စာအုပ်တွေဆိုရင် ကျုပ်မဖတ်ဘူး'တဲ့။

မြွေပွေးရဲ့ အစွယ်တမျှ ကျုပ်တကယ်မုန်းတာ အနည်းငယ်တော့ ရှိရဲ့
ဆေးလိပ်မီးခိုးရယ်၊ ကြမ်းပိုးရယ်၊ ကြက်သွန်ဖြူရယ်၊ ခရစ်တော်ရယ်။

ကျွန်မသာ အိမ်ထောင်ရှင်မတစ်ဦးဖြစ်ပြီး လိုချင်တာရမယ်ဆိုရင်လေ
သစ္စာရှိမယ်၊ ပျော်မယ်၊ ကျွန်မလင်ကို ဖက်ထားပြီး နမ်းမှာပဲ တဲ့၊
အခြားညစ်ညမ်းတဲ့တေးများအပြင် အဲသလို ငါ့ကို ဗင်းနစ်ကဖာသည်မ
တစ်ဦးက တေးသီလိုက်ရဲ့။ ဒီထက်တရားပြည့်တဲ့ ဆုတောင်း
ကျုပ်မကြားဖူးသေးဘူး။

GOETHE'S LIFE

ဘယ်သူ့ကို ယုံရမလဲ၊ ရိုးသားတဲ့အဆွေ
ငါပြောပြမယ်။ ဘဝကို ယုံပါ။ တရား
ဟောဆရာတို့ ကျမ်းစာတို့ထက် သာတဲ့ ဆရာကွဲ့။

ဇနီးတစ်ယောက်ကို ကျုပ်ရှာလာတာ ကြာလှပါပြီ၊ ရှာရင်း ရှာရင်း
ဖာသည်မတွေချည်း တွေ့နေခဲ့တယ်။ နောက်ဆုံးမှာ ငါ မင့်ကို ကောက်ယူ
လိုက်တယ်၊ ဖာသည်မလေးရဲ့။ အဲဒီတော့မှ ဇနီးဆိုတာ တွေ့ရတော့တယ်။

အလိုမပြည့်ရတဲ့ အချစ်ရဲ့ လှပတဲ့အဆိပ်ကို သင်သိပါစ
လောင်ကျွမ်းစေပြီး လန်းဆန်းစေတယ်၊ ရိုးတွင်းချဉ်ဆီကို ဝါးမြိုပြီး အသစ်
ဖြစ်စေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



၁၅၊ မှုလိုင်

ကျွန်တော့်ရင်ထဲ ဒီလိုခံစားနေရတယ်ဗျာလို့ လူတစ်ယောက်က တစ်ယောက်ကို၊ လူတစ်ယောက်က တလောကလုံးကို အရင်းအတိုင်း ပြောပြနိုင်စွမ်းရှိပါ့မလား။ ကြည်ကြည်လင်လင်နိုးထလာရတယ်။ လူသံတွေ၊ ကားသံတွေ၊ နောက် လက်ဖက်ရည်ဆိုင် ခွေးခြေလေးပေါ်ထိုင်ပြီး ကြည့်လိုက်တော့ အရောင်တွေဟာ ရှန်းရင်းဆန်ခတ်ဖြစ်နေကြတယ်။ မိုးကလည်း အုံ့ပြီးညို့လာ၊ ဟော ရွာချလာပြီ။ ဒီလိုနဲ့ မိုးနေ့ပေါင်းများစွာဟာ ငါ့ရင်ထဲက ဖြတ်သွားဖူးခဲ့ကြပြီ။ ငယ်ငယ်က စာသင်ခန်းလေးတစ်ခန်းကို အမှတ်ရနေမိတယ်။ ဦးကြင်ဥရဲ့ ပဒေသာသီချင်းတွေကိုသင်ပြီးကာစပေါ့။ ဆရာမဒေါ်တင်မြင့်က ဘယ်ရာသီဟာလွမ်းစရာအကောင်းဆုံးလဲတဲ့။ လွမ်းစရာ . .ဟုတ်တယ်၊ ဒီစကားလုံးကို အားလုံးဟာ နားလည်ကြတယ်လို့ ပေါ့ပေါ့တန်တန် အလွယ်တကူ သိထားကြတာပါလား။ တစ်တန်းလုံးက နွေရာသီပေါ့ တဲ့။ 'ရသေ့သူတော်တိုင်မှ ဉာဏ်မခိုင် ဈာန်ယိုင်လျှောရတယ်' လို့လည်း သင်ဖူးခဲ့ကြပြီကိုး။ မင်းကော တဲ့ ဆရာမက။ ကျွန်တော်ကတော့ မိုးဥတုကို လွမ်းစရာအကောင်းဆုံးရာသီလို့ သဘောထားပါတယ်လို့ ပြောလိုက်တယ်။ကျောင်းသားတချို့က ပြုံးစိစိနဲ့။ တချို့ကလှည့်ကြည့်ကြတယ်။ ကျောင်းသူတစ်ယောက်က ဘယ်မှမသွားမလာရနဲ့ စိတ်ညစ်စရာပါလို့ ဝင်ထောက်တယ်။ ဆရာမဟာ ကျွန်တော့်မျက်နှာကို သေသေချာချာ စိုက်ကြည့်နေပြီး အံ့သြစရာတော့ ကောင်းသားကွယ်၊ မင်းနဲ့ ငါ တူတယ်တဲ့။ ဟုတ်တယ် ဆရာမရေ။ ခုချိန်ထိ မိုးတွေညို့လာရင် ကျွန်တော့်ရင်မှာ ဟာလာမြ၊ လူလည်း ငိုင်တွေမြ၊ စိတ်ကလည်း ဆောက်တည်ရာမရ ဖြစ်မြဲပါပဲ။ လွမ်းတယ်ဆိုတဲ့ စကားလုံးရဲ့ အလေးချိန်ကတော့ ကွာပေမပေါ့။ အဲဒီတုန်းက ကျွန်တော်က ၁၄ နှစ်သား။ ဆရာမဆိုရင် ၂၀ကျော်ပြီးကာစ။ဆရာမမွေးနေ့ပွဲမှာ အထူးခြားဆုံးလက်ဆောင်ပစ္စည်းဖြစ်တဲ့ ကျွန်တော့်ကဗျာရှည်ကြီး ရပါတယ်လို့ဆရာမပြောခဲ့တာကို သတိရလို့ အချိန်အရွယ်တွေကိုလည်း ပြန်မှန်းလို့ရပါတယ်။ အဲဒီအချိန်က ကျွန်တော့်ရင်ထဲက လွမ်းစရာနဲ့ ဆရာမရင်ထဲက လွမ်းစရာက ဘယ်အလေးချိန်တူပါ့မလဲလေ။

mgyoe.com

mgyoe.com SAMPLE BOOK



ကိုယ့်ကိုကိုယ် ပြန်ငုံ့ကြည့်လိုက်တော့ အနှစ် ၃၀ ရဲ့အနားမှာ ပေကပ်ကပ် ယောင်တိယောင်နလုပ်နေတာ တွေ့လိုက်ရတယ်။ စိတ်နောက်ကျိဖွယ် မချိမဆန့်ညည်းညူးအော်ဟစ်နေတဲ့ ဝိညာဉ်တစ်ခုနဲ့ ဒီလောက်အချိန်ကြာလာအောင် နေထိုင်နိုင်ခဲ့တာကပဲ အံ့သြစရာကောင်းလိုက်တာ။ ငါ့မှာ အဆင်းရဲဆုံးက အသိဉာဏ်မဟုတ်ဘူး။ ငွေမဟုတ်ဘူး။ ဂုဏ်ပကာသနတွေလည်း မဟုတ်ဘူး။ အနည်းဆုံး အဝတ်အစားတောင်မဟုတ်ဘူး။ ငါ့ရင်ထဲ ဖြစ်နေတာတွေကို ဖော်ပြဖို့ ပစ္စည်းတွေ(စကားလုံးတွေ)သာ ဆင်းရဲနေတာ။ ကမ္ဘာပေါ်မှာ ပေါ်ခဲ့ပြီးသမျှ အတိုင်းအထွာကိရိယာတွေနဲ့ ကျွန်တော့်ရင်ရဲ့ အနက်အရှိုင်းကို တိုင်းပါ။ ရှုံးသွပ်သွားကြပါလိမ့်မယ်။ အနုတိုင်းကိရိယာတွေနဲ့ တိုင်းပါ။ ပြာကျသွားပါလိမ့်မယ်။ သံမဏိဟာ မာတယ်ဆိုရင် ဒါမှမဟုတ် စိန်ဟာ မာတယ်ဆိုရင် ကျွန်တော့်စကားလုံးအသစ်တစ်လုံး ထပ်ပေးပါ။ သူတို့ရဲ့ သိမှုတွေကို ရက်ရက်စက်စက် ရိုက်ခတ်နိုင်မယ့် စကားလုံးတွေ လိုချင်တယ်။

ဟောဒီမှာ ဘာတွေလဲ။ ဟောဒါတွေ၊ ဟောဒါတွေ။ ခင်ဗျားတို့ မသိဘူး မဟုတ်လား။ ခင်ဗျားတို့ နားမလည်ဘူး မဟုတ်လား။ ဝန်ခံပါတယ် . . . ခင်ဗျားတို့ သိနားလည်လာအောင်၊ ခံစားလို့ရလာအောင် ကျွန်တော် မတတ်နိုင်သေးဘူး။ ကျွန်တော့်ကို စိတ်မဆိုးကြပါနဲ့ဗျာ။ ခင်ဗျားတို့ကို ကျွန်တော် ရိုက်နှက်တာထက် ကျွန်တော့်ဝိညာဉ်ကို ကျွန်တော်ရိုက်နှက်တာက အဆထောင်သောင်းမက နာကျင်လှပါတယ်။ တကယ်တော့ဗျာ လူတစ်ယောက်က လူတစ်ယောက်ကို နားလည်တယ်ဆိုတာကော တကယ်စစ်မှန်ကြရဲ့လား။ ဟုတ်မှ ဟုတ်ရဲ့လား။ ခင်ဗျားတကယ်သိတယ်ဆိုတဲ့ လူတစ်ယောက် တကယ်ရှိရဲ့လား။ ကျွန်တော့်ကို အချိန်နည်းနည်း ထပ်ပေးပါ။

mgyoe.com

mgyoe.com SAMPLE BOOK



မနေ့ကပဲ လပြည့်ညတစ်ခု မသက်မသာကွယ်လွန်သွားပြီးပြီ။ ဝါဆိုလပြည့်နေ့ဟာ မည်းမှောင်နံစော်တဲ့ အရက်ပုန်းဆိုင် အခန်းကျဉ်းလေးထဲ ညည်းညည်းညူညူ တိုးဝင်ပျောက်ကွယ်သွားလေရဲ့။

လူမှန်း သူမှန်းမသိအောင် မူးခဲ့ဖူးပြန်ပြီ။ အရက်အခိုးအငွေ့တွေနဲ့ ငါ့ကို ငါ ဖောက်ခွဲပစ်လိုက်ချင်တာ။ တကယ်တော့ အရက်ကလည်း ငါ့ကိုနားမလည်ပါလား။ အရက်ကိုစီးပြီး မြေကြီးထဲလည်း ခွဲဝင်သွားချင်တယ်၊ ကောင်းကင်ကိုကိုလည်း ပျံတက်ချင်တယ်။ ဒါပေမယ့် အရက်မှာ တန်ခိုးမရှိပါဘူးကွယ်။ အရက်က ငါမေ့ချင်တာတွေကိုလည်း မေ့အောင် လုပ်မပေးနိုင်ပါဘူး။ ငါချစ်တာတွေကိုလည်း ပိုချစ်အောင် မတတ်နိုင်ပါဘူး။ တချို့က ငါ့ကို ဒီလောက်တောင် ဖြစ်ရသလား တဲ့။ မဟုတ်ဘူး။ ငါဖြစ်ချင်တာက ဒီထက်မကပါဘူး။ ထွက်ပြေးတယ်ဆိုတာ တဒင်္ဂလောက်မှ မလွတ်မြောက်ဘူးရင် ဘာလို့ထွက်ပြေးရတော့မှာလဲ။ ငါသိပါတယ်။ အရက်ကြောင့် လပ်ဟာသွားတဲ့ မှတ်ဉာဏ်အတိုင်းအထွာဟာ အတွင်းစိတ်ရဲ့ ပုန်ကန်မှုပဲ။ ဒါပေမယ့် သိပ်ပေါ့ပါးနေပါသေးတယ်။ ဒါကြောင့်လည်း အရက်ကို ငါမယုံပါဘူး။

ဇူလိုင် ၂၃

ဒီနေ့ဟာ မဟာမှိုင်းကွယ်လွန်ခြင်း ၁၁ နှစ်မြောက်တဲ့နေ့။

ဆရာကြီးကို မမြင်ဘူးခဲ့သူ၊ ဆရာကြီးကို သိပ်မသိခဲ့သူ၊ ဆရာကြီးစာတွေကို သေသေချာချာမဖတ်ဖူးသူတစ်ယောက်ရဲ့ ရင်ထဲက ဦးခိုက်ခြင်းကို ခွင့်ပြုပါ။

mgyoe.com

mgyoe.com SAMPLE BOOK



၂၄၊ ဇူလိုင်

သက်ပြင်းပူတွေ တထောင်းထောင်းထနေတဲ့ မောင်ချောနွယ်နဲ့ ကြပ်ကြပ်တည်းတည်း အတူအိပ်ရင်း ငါ့မျက်လုံးတွေ ကြောင်နေတယ်။ အထဲလိုက်စားနေတဲ့ ဝေဒနာ တပွေ့တပိုက်ကြီးနဲ့ သူ့ဘဝကို ခပ်ဝေးဝေးကပဲ မှန်းကြည့်မိတယ်။ အနီးကပ် မကြည့်ရဲဘူး။ ခပ်ပေါပေါဟာသတွေ၊ ကို့ရိုးကားယားအဘိဓမ္မာတွေ၊ ဖဲချပ်တွေ၊ ဆေးလိပ်တွေ၊ ပြတ်သွားတဲ့ကောင်မလေးတွေ၊ လက်ဖက်ရည်ခွက်တွေ အောက်ကို တိုးခွေ့သွားရင်း ဝေဒနာကို ဖော့ကြည့်ဖို့ အားလည်းပေးမိရဲ့။ ကိုယ်တိုင်လည်း ကြိုးစားကြည့်ပါတယ်။ ခုဟာက တို့တစ်တွေမှာ ဘယ်သူ့ရင်ထဲကိုပဲ ဝင်ကြည့်ကြည့် ပြည်တည်ညှီစို့ ပုပ်အဲ့နေတဲ့ အနာကြီးတွေနဲ့ ဖူးယောင်နေတာ၊ သွေ့ဘ်နဲ့တွေလွှမ်းပြီး ပြာမဲတွေ၊ မီးသွေးတွေနဲ့ပြည့်နေတဲ့ မီးလောင်ပြင် . . . ဒါတွေပဲ တွေ့ရမှာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK


၂၆-၇-၇၅
ဒီအတွေ့အကြုံအရ ဒါပထမဆုံးပါပဲ။ ဆေးခြောက်ဆိုတဲ့ အခေါ်အဝေါ်ကို ကြားဖူးခဲ့တာကြာပါပြီ။ သူ့တန်ခိုးက ရိုင်းတော့မရိုင်း၊ နည်းနည်းတော့ ပွယောင်းတယ်။ မူးဝေ မူးဝေ၊ ရိပ်ကနဲ ရိပ်ကနဲ။ ပေါ့သွားသလို လေးလာသလိုလို။ ဒါပေမယ့် မဖုံးလွှမ်းနိုင်ပါဘူး။ ကိုချောနွယ်ကတော့ တကယ်ရယ်ပါ့ဗျာ။

လမ်းတွေက ခမ်းခြောက်၊ အိမ်တွေက ဟင်းလင်း၊ လမင်းကြီးကလည်း ပြောင်သလင်းခါလို့။ ခင်ဗျားလည်း တွေ့ဖူးမယ်၊ ဟောမှာ စာတိုက်ပုံးနီနီ၊ မျက်စောင်းထိုးမှာ လက်ဖက်ရည်ဆိုင်။ ၂ ကား၊ ၁ ကား၊ ၁၅ ကား နောက်ကားတွေက တဝီဝီဖြတ်သွား။ တော်တော်ကြာ ငါပြန်ပါတော့မယ်။ ခင်ဗျားမသိပါဘူး၊ ခင်ဗျားမသိနိုင်ပါဘူးဗျာ။ ကျွန်တော်ထိုင်နေတယ်။ ခင်ဗျားသိတာက ကျွန်တော်ထိုင်နေတယ်။ ကိစ္စမရှိပါဘူး။ ထင်ပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့် လွတ်လပ်စွာရသင့်ပါတယ်။ ဒါပေမယ့် မဟုတ်ဘူးဗျ။ ကျွန်တော်ပျံသန်းနေတယ်။ ခင်ဗျားတို့ကို ငုံ့ကြည့်နေတယ်။ လူ့နံရိုးထဲက ဖောက်ထွက်လာတဲ့ လောက်ကြီးတွေရဲ့ ရယ်မောသံ၊ မိန်းမရင်သားချွန်ချွန်တစ်ခု၊ နှလုံးသားကချက်လုပ်တဲ့ အဆီ၊ ချွေးစိုနစ်တဲ့အိပ်ကပ်၊ လူသတ်မယ့်ရုပ်နဲ့ ကဗျာဆရာ၊ လမ်းမကြီးတွေ၊ လမ်းကြားလေးတွေ၊ မြစ် . . နောက် သစ်တောကြီးများ၊ စံပယ်ဖြူဖြူလေးတစ်ပွင့်ထဲက မျက်လုံးတစ်စုံ၊ ဟိုမှာ . . . တကယ့်လူသားများ၊ ခွေးများ . . .၊ နောက် . . .၊ ငါ . . .။ ဘဲရှေ့ပတ်တစ်လိပ်၊ စာအုပ်၊ သီချင်းသံ။ ဟော . . . မိုးတွေရွာလာပြီ။

ဒီမိုးစက်လေးတစ်စက်ဟာ၊ လူ့ချွေးတွေ၊ သွေးအိုင်များ၊ မျက်ရည်များက အငွေ့ပျံခဲ့ရတာလေလား။ အသိဉာဏ်က အငွေ့ပျံခဲ့ရတာမျိုးလေလား။ မဖြစ်ပါစေနဲ့ဗျာ၊ လူ့နှလုံးသားတွေ၊ လူ့အတွေးတွေက၊ ပြီး လူ့လွတ်လပ်ခွင့်က အငွေ့ပျံခဲ့တာမျိုးဆိုရင်လေ။

mgyoe.com

mgyoe.com SAMPLE BOOK



၁၉၇၅၊ ဇူလိုင် ၂၉

ငါဟာ ကိုယ့်ကိုကိုယ် နည်းနည်းသာယုံပြီး များများအထင်သေးတတ်သူပေပဲ။ ကိုယ့်ကိုကိုယ် ရှု့ချထားတဲ့ရက်တွေမှာဆိုရင် ကိုယ်မျက်နှာတောင် ကိုယ်မကြည့်ချင်တော့ဘူး။ ဘဝမှာ အနိမ့်ဆုံးကတော့ ကဗျာဆရာဖြစ်ချင်တယ်။ အမြင့်ဆုံးက လည်း ကဗျာဆရာပဲ ဖြစ်ချင်တယ်။ ငါ ဘယ်လောက်ကြိုးပမ်းခဲ့သလဲ။ 'ဗန်ဂိုး'ကို ဖတ်ဖြစ်ခဲ့တုန်းက အရှက်ကြီးရှက်မိတယ်။ စိတ်ဓာတ်ပြင်းထန်သူ၊ စူးစူးနစ်နစ် စိုက်လိုက်မတ်တတ် အသစ်ရှာဖွေဖန်တီးသူကို အားကျမိသလောက် ငါဘယ်အတိုင်းအတာအထိ ကြိုးစားခဲ့သလဲ။ ငါဟာ ဆင်ခြေတွေအမျိုးမျိုးပေးဖို့ အလေ့အကျင့်ရှိခဲ့သူ တတ်ကျွမ်းသူဖြစ်တယ်။ အစဉ်အလာမြက်ရိုင်းတောကြီးထဲမှာ တစ်ချက် နှစ်ချက် ခုတ်ထွင်ရုံနဲ့တော့ လမ်းဖြစ်မလာနိုင်ဘူး။ ဟောဒီ ထုံထိုင်းထိုင်း လောကကြီးကို သန်သန်မာမာပြင်းပြင်းထန်ထန် လှုပ်ခါပစ်လိုက်ရမယ်။ လူ့နှလုံးသားတွေ၊ လူ့မျှော်လင့်ချက်တွေကို ထင်ဟပ်နိုင်မယ့် အတွေးသစ်တွေ၊ အသံသစ်တွေ စိတ်ကူးရုပ်ပုံသစ်တွေနဲ့ တို့လမ်းကို ဖန်တီးရပေလိမ့်မယ်။ ဒီနယ်မြေထဲကို အတော်ကြီး နောက်ကျပြီးတော့မှ ငါ ရောက်ခဲ့တယ်။ ရှေ့ဆုံးတန်းကို ရောက်ချင်ရင် သူတကာထက် ၃, ၄ ဆ ဖွဲကောင်းအားသန် ခွန်အားစိုက်ထုတ်ဖို့ လိုတယ်။ အစဉ်အလာက ခွဲထွက်ချင်ရင် ဒီထက်အဆပေါင်းများစွာ အားစိုက်ရလိမ့်မယ်။ ပထမတန်းစား ကဗျာဆရာ မဖြစ်ရရင် ဒုတိယတန်းစားကဗျာဆရာတော့ မဖြစ်ချင်ဘူး။ ဘာမှ မဖြစ်ရတာကမှ ကောင်းဦးမယ်။ မိုးသည်းတာပဲဖြစ်ဖြစ်၊ လေထန်တာပဲဖြစ်ဖြစ်၊ မှောင်ကြီးကျနေတာပဲဖြစ်ဖြစ် လူသားတွေဟာ အသက်ရှင်နေဦးမှာပဲ။ အသက်ရှင်နေသေးရင် နှလုံးသားတွေက ခံစားတတ်နေဦးမှာပဲ။ သူတို့က တို့ကို သတ်လိုက်နိုင်ပြီလို့ ယုံချင်ယုံပါစေ။ ဟောဒီ ငါ့နှလုံးသားပေါ် သွေးသစ်တစ်စက်ကျလာရင် ခံစားချက်အသစ်တစ်ရပ်ထွက်ပေါ်လာမှာပဲ။ လူတွေကို ကျွန်တော့်ခံစားချက်တွေ ပြောပြချင်တယ်။ ဟုတ်တယ်၊ ခင်ဗျားတို့အားလုံးကို ပြောပြချင်တယ်။ ကဗျာဆရာဆိုတာကတော့ ဒါပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK



၂၊ ဩဂုတ် . . . မှ
၉၊ ဩဂုတ် ၇၅

မျက်စိရှေ့မှာတင်ပဲ ရက်သတ္တတစ်ပတ်ဟာ တစ်စတစ်စဆူပွက်
ခန်းခြောက်၊ ဟော . . . အခိုးအငွေ့အဖြစ်ကွယ်ပျောက်သွားခဲ့ပြီ
နောက်ဆုံး သည်းခံနိုင်စွမ်းခွန်အားတွေကို စုစည်းပြီး ကြံကြံခံနေခဲ့ရပြန်တယ်

ငါဟာ လူဖြစ်လာခဲ့လေသလား
ဒါကတော့ ဘာလုပ်ရမှာတဲ့လဲ
အသက်ရှင်နေတယ်လို့ လူတွေသတ်မှတ်ထားတဲ့အတိုင်း
သွေးသားလှုပ်ရှားမှုရှိနေတယ်။ စကားပြောတယ်၊ ထမင်းစားတယ်၊ အိပ်တယ်

သူတို့က ဒီနေရာမှာနေ၊ ဒီလိုဝတ်၊ ဒီအစာ စား၊ ဒီအချိန်အိပ်
ဒီအလုပ်လုပ် . . . တဲ့။ ဟုတ်ကဲ့ ခင်ဗျာ . . . ကျွန်တော် နှစ်ပေါင်းများစွာ
နာခံခဲ့ဖူးပါပြီ။ လုပ်ခဲ့ပြီးပါပြီ။

ကိုယ့်ဝိညာဉ်ကို ကိုယ်ပြန်စမ်းသပ်လိုက်တော့ ပြားချပ်ခြောက်ကပ်အေးစက်နေ
လိုက်တာ။ ဟောဒီအရေပြားပေါ်က မွေးညင်းလေးတွေမှာ တွယ်မှီနေတဲ့ ကြောက်
ရွံ့စိတ်၊ ကြေကွဲစိတ်၊ ဒူးထောက်အမိန့်နာခံလိုစိတ်တွေလေ . . . ။ ဘာနဲ့များ
တူနေသလဲကွယ် . . . ။ မြင့်မြင့်မားမားစကားလုံးတွေထဲက ပျော့ဖတ်သေးဖွဲတဲ့
ငါ့မျက်နှာအရေးအကြောင်းတွေရယ် . . . ။ ဖြစ်များဖြစ်နိုင်မယ်ဆိုရင် ငါ့ကို
ငါ အသစ်ပြန်လည် ဖန်ဆင်းလိုက်ချင်ပါရဲ့။ သူငယ်ချင်းတို့ . . . မိတ်ဆွေတို့
. . . ကျွန်တော့်ကို ကျွန်တော် အရင်ဆုံးကန့်ကွက်လိုက်ပါရဲ့ဗျာ။

mgyoe.com

mgyoe.com SAMPLE BOOK



၁၀၊ ဩဂုတ်

ဖြူဖပ်ဖပ်လက်တစ်ချောင်း၊ ပေါ့ရှပ်ရှပ်နှလုံးသား၊ တစ်စစီပေါက်ကွဲစိပ်မွှာနေသော ဘဝတစ်ခု။

မျက်ရည်ဟာ ငိုကြွေးဖို့အတွက်ပေပဲလား။ ပျောက်ဆုံးသွားပြီဖြစ်တဲ့ သူ့အချစ်ကို ဟောဒီအဝိစိတမျှ နက်ရှိုင်းလှတဲ့ ချောက်ကမ်းပါးကြီးထဲက ဘယ်တော့မှ ပြန်ဆယ်လို့ ရတော့မှာမဟုတ်ပါ။ လောင်ကျွမ်းပြာကျနေသူတစ်ယောက်ကို ဘာလို့ ရေကြည်အေးလေးတစ်ခွက်နဲ့ နှိပ်စက်ချင်ကြရတာပါလဲ။ ဒီလောကကြီးရဲ့ တစ်နေရာမှာ ငိုကြွေးနေရသူတစ်ယောက်ရှိနေသေးသမျှ မင်းဖြစ်ဖြစ်၊ ငါဖြစ်ဖြစ် ဘယ်သူမှ လူမဖြစ်နိုင်ပါ။ ဘာတာဝန်မှ မယူတဲ့တာဝန်အရှိဆုံးလူဟာ ငါဖြစ်တယ်။ ဒီလိုအိမ်လေးမျိုးတစ်လုံး၊ ဒီလိုလွတ်လပ်တဲ့ညတစ်ည။ ဘဝမှာ ဒီလိုလေးများ . . . သူနဲ့နေရရင်ကွယ် . . . တဲ့။ ဒီလောက်ပျက်ဆီးယုတ်ညံ့လှတဲ့ ဒီလောကကြီးကို ဟားတိုက်လိုက်တာ တရားပါတယ် မိန်းကလေးရယ်။ တို့ဟာ ကိုယ့်လမ်းကိုယ်သွားကြရတယ်။ တကယ်ကတော့ကော ငါ့လမ်းဆိုတာကော ဘာလဲ။ မင်းလမ်းဆိုတာကကော ဘာလဲ။ တို့တစ်တွေက အနာဂတ်ကို ယုံတယ်လို့ ပေါ့ပေါ့ပါးပါး တာဝန်မဲ့ပြောတတ်ကြပါတယ်။ ဟုတ်တယ်၊ ဘယ်သူတရားပြတာ၊ တရားချတာမှ လက်မခံပါလေနဲ့။ လွန်ခဲ့ပါပြီ . . . လွန်ခဲ့ပြီးပြီပဲ။ ငါဟာ ရယ်စရာအကောင်းဆုံး ပေါချာချာသတ္တဝါတစ်ကောင်ဖြစ်သလို တစ်ခါတစ်လေတော့ ရိုးသားတဲ့မိတ်ဆွေဖြစ်နိုင်ပါတယ်။ တကယ်ကတော့ စကားတတ်တဲ့ ပါးစပ်တွေလောက် ယုတ်မာတာ ဘာရှိမှာလဲ။ ငါ့ကိုလည်း ဘယ်တော့မှ ခွင့်မလွှတ်လေနဲ့။ ဒီလောကကြီးကိုလည်း ဘယ်တော့မှ ခွင့်မလွှတ်လေနဲ့။ တတ်နိုင်ရင် မင့်မျက်လုံးတွေထဲက မီးလျှံတွေနဲ့ ကမ္ဘာကြီးကို ပြာချလိုက်စမ်းပါကွယ်။

mgyoe.com

mgyoe.com SAMPLE BOOK



'ဂီတစာဆို၏ဝိညာဉ်တွင် လေးနက်သော ကြေကွဲမှုများ ရစ်ပတ်လွှမ်းခြုံနေသည်'
*[ ဂီတစာဆိုကြီး ရှူးဗတ်ဇ်ဆင်ဖိုနီတစ်ပုဒ်*
*အပေါ် ကလေးငယ်တစ်ဦးရဲ့ ခံစားချက် ]*

၂၁၊ ဩဂုတ်

ထုံထိုင်းတွေဝေစွာ အိပ်ရာကနိုးလာခဲ့ရပေမယ့် ရေမိုးချိုး၊ လက်ဖက်ရည်သောက် ဆေးလိပ်တစ်တိုနဲ့ မြင်ကွင်းတွေထဲထိုင်လိုက်ရတော့ ကိုယ်ပိုင်နာရီလေးနည်းနည်းကို ချစ်နေမိပြန်သေးတယ်။ ရှုပ်ပွနေတဲ့အတွေးစတွေ၊ ပျင်းရိငြီးငွေ့နေတဲ့အာရုံကြောတွေ၊ ဘာကိုမှ အလွယ်တကူလက်မခံချင်တော့တဲ့နှလုံးသား။ အားလုံးကို လက်နဲ့အသာအယာ ဖယ်ထုတ်ပြီး စိတ်လက်အေးချမ်းစွာ ထိုင်နေမိတယ်။ ဘာကိုမှ မသိဘဲ မမြင်ဘဲပေါ့။ ဘာကိုမှ မတွေးဘဲပေါ့။ ဘာကိုမှ မခံစားဘဲပေါ့။

ကြော် မဖြစ်ပြန်ပါဘူး။ နောက် ၅ မိနစ်လောက်ဆိုရင် 'အလုပ်'ဆိုတာရှိရာ သွားရတော့မယ်။ အလုပ်တဲ့ကွယ် . . . အလုပ်တဲ့။ ရေလှိုင်းထဲထင်နေသလိုမှုန်မွှားမွှားမျက်နှာတွေ၊ လျှာဖျားလေးတွေထဲက လိမ့်ထွက်လာတဲ့ ပေါ့ရှပ်ရှပ်စကားလုံးတွေ၊ ရက်လွန်အသုဘရဲ့အကြောဆွဲအပြုံးတွေ . . .။ နေ့စဉ်ပါပဲလေ။ ဖုန်ထူနေတဲ့ ပစ္စလက်ခတ်ထိုးနှစ်ထားတဲ့ ငါ့စားပွဲပေါ်က ဖိုင်ပုံကြီး၊ စာရွက်များ၊ ဟိုတစ်စ ဒီတစ်စ ပေါက်ကွဲနေတဲ့အသံတွေ၊ ပေါတောတော မှတ်ချက်တွေ၊ သတင်းစာထဲက ချေးညော်သဖွယ်ဆောင်းပါးများ။ အဲဒီအထဲမှာ ငါ သွားပြီး တစ်နေ့တာကို ဟိုလိုမ့်ဒီလူးနဲ့ ကုန်ဆုံးသွားအောင် စောင့်ရပေဦးမယ်။ နေ့စဉ် ၃ နာရီထိုးပြီဆိုမှ . . . ဟင်းခနဲ သက်ပြင်းရှည်ကြီးချ၊ အိပ်ရာလေးကိုပြန်၊ အကျဉ်းခန်းလေးထဲ အသက်မဲ့ပြောဆိုမှုတွေထဲဝင် . . . ။

mgyoe.com

mgyoe.com SAMPLE BOOK



ဩဂုတ် ၂၄
ကိုယ့်မာန၊ ကိုယ့်အတ္တကို ဆန့်ကျင်နေရတာလောက် ဘယ်အခံရခက်တာရှိပါ့မလဲ။ နှစ်တွေကြာခဲ့ပေမယ့် နွေးထွေးနေဆဲသူငယ်ချင်းကို ကျေးဇူးတင်ရပါတယ်။ တကယ်တော့ လောကမှာ ငါတို့ကို နားလည်ကြဖို့ မတောင်းဆိုဝံ့ပါဘူး။ နားမလည်ပေမယ့် နားမလည်တာကပဲ နားလည်ချင်ဟန်ဆောင်နေတာထက်တော့ အဆပေါင်း ထောင်သောင်းမက ကျေးဇူးတင်ကျေနပ်ရပါတယ်။ အခက်အခဲတွေ ရှိနေတယ် တဲ့။ အခက်အခဲတွေကြားက သူငယ်ချင်းရဲ့ ရွှေဆွဲကြိုးလေးလေ။ ကမ္ဘာထဲမှာ စိတ်ဓာတ်နာမကျန်းဖြစ်နေသူတစ်ယောက်ကို မဆိုသလောက်လေး ဆိုပေမယ့်အတိုင်းအတာမဲ့ ကူညီတဲ့ မင်းရဲ့စေတနာကို တလေးတမြတ်တန်ဖိုးထားပါတယ် သူငယ်ချင်းရယ် . . .။

နုံချာချာမျက်လုံးတွေ၊ ခပ်ပေါပေါပါးစပ်တွေ၊ ယုတ်ညံ့စုတ်ပြတ်နေတဲ့ ပြက်လုံးတွေ၊ ဖွာလန်စောင်းရွဲ့နေတဲ့ ထင်မြင်ချက်တွေ၊ ပွယောင်းနံစော်နေတဲ့ ရှုံ့ချသံတွေကြားမှာ စိတ်အချဉ်ပေါက်နေသူတစ်ဦးရဲ့ တည်ငြိမ်တဲ့ခံနိုင်ရည်ကို ခုကာလမှာ ငါရရှိခဲ့ပါတယ်။

သာမန်လူတွေ နားလည်ဖို့ခက်ခဲပါတယ်ဆိုတဲ့ ဟောဒီထူးခြားဆန်းကြယ်တဲ့စိတ်ဝိညာဉ်တစ်ခုကို ငါ ဖန်ဆင်းပြနေတယ်။ ပျက်ဆီးယိုယွင်းနေတဲ့ ဒီလောကကြီးကို တည်ငြိမ်သယောင်ယောင် ဆောင်ချင်တဲ့လူတွေက ငါ့ကို ထိတ်လန့်လာမယ်။ ကိုယ့်ကိုကိုယ် ပြန်မကြည့်ရဲတဲ့လူတွေက ရွံရှာလာမယ်၊ ဘဝမှာ သိတာလေးနဲ့ ရောင့်ရဲချင်တဲ့လူတွေက ကြောက်ရွံ့လာမယ်။ နောက်တစ်ခေတ်က လူတွေကသာ ကြင်နာပါလိမ့်မယ်။ ငါသိပါတယ် . . .။ ဒီခေတ်မှာ ခံရပေဦးမယ်။ တော်လှန်ရေးသမားတွေက အနာဂတ်ကို ယုံကြည်လို့ အသက်ကို စွန့်ပြီး လောကကို ချစ်ခဲ့ကြတယ်။ ငါတို့က အနာဂတ်ကို ယုံကြည်လို့ အသက်ကို ဖက်တွယ်ပြီး လောကကို ချစ်ခဲ့ပါတယ်။ ရယ်ရွှင်ဖွယ်နိုင်းယှဉ်မှုရဲ့ နက်ရှိုင်းတဲ့ အောက်ခြေမှာ ထူးခြားဆန်းကြယ်တဲ့အမြုတေတစ်ခု ရှိနေတာကို သိမြင်ခံစားနိုင်လာသူတွေအတွက် ငါ့လုံ့လကို ပြင်းပြင်းထန်ထန် ဆွဲဆန့်ရပေမယ်။

mgyoe.com

mgyoe.com SAMPLE BOOK



၂၆၊ ဩဂုတ်

ဆက်စပ်မရတဲ့ ဘယ်လိုမှ စွန်းထင်းခြင်းရှိခဲ့ပုံမရတဲ့ အိပ်မက်တွေပါ။ တစ်ညလုံး အစီအစဉ်မဲ့ ပြဇာတ်ရှည်ကြီးထဲ ငါ ပါဝင်နေခဲ့ရတယ်။ ဒီနောက်ဆုံးရက်ပိုင်းတွေမှာ ဘယ်လိုမှ ဆောက်တည်ရာမရဘဲလွင့်ပါးနေခဲ့မှတော့ ဒီအိပ်မက်ရှည်ကြီးတွေနဲ့ပဲ နပမ်းလုံးနေရမှာပေါ့။ ကဗျာရေးမယ်လို့ လက်ဖက်ရည်ဆိုင်မှာ၊ သစ်ပင်အောက်မှာ၊ လမ်းကြိုလမ်းကြားမှာ၊ ဘတ်စ်ကားတွေပေါ်မှာ၊ အိပ်ယာထဲမှာ အရူးတစ်ယောက်လို ဟိုထိုးဒီတိုက် ဖြစ်နေခဲ့တယ်။ ပျက်ယွင်းနေတဲ့ စိတ်အစဉ်ကို ဖမ်းချုပ်လို့မရခဲ့ဘူး။ ငါ့ရင်ထဲမှာ ရေးစရာကဗျာတွေ ရာထောင်မကရှိနေတယ်။ ဒီ ယုံကြည်စိတ်က တစ်နေ့တခြား တိုးလာပေမယ့် ကဗျာအရေးကတော့ တစ်နေ့တခြားကျဲကျဲလာလိုက်တာ ငါ့ အိပ်ယာရှေ့နားက အရွက်ရှည်ကြီးတွေနဲ့ ပန်းပင်ကြီးတစ်ပင်မှာ ပျားအုံတစ်အုံက လာစွဲနေတယ်။ စူးစမ်းလေ့လာလိုစိတ်မရှိဘဲ အလိုလို သွားကြည့်ကြည့်နေမိတယ်။ ပျားအုံလေးက တစ်နေ့တခြားကြီးကြီးလာလိုက်တာ။ အချိန်တိုင်း လှုပ်လှုပ်ရွရွ တဝီဝီ ပျံသန်းနေတဲ့ပျားတွေမှာ တစ်စုံတစ်ခုရှိနေတာလေ။ လူက ငူငူငိုင်ငိုင် ထိုင်လိုက် အိပ်လိုက်ဖြစ်နေပေမယ့် ငါ့စိတ်ကတော့ဟောဒီပျားတွေထက် အဆထောင်သောင်းမက လှုပ်ရှပျံသန်းနေပါပေါ့လား။ သံသယအမြင်တွေ၊ ပြက်ရယ်ပြုလိုစိတ်တွေနဲ့ ပေရေနေတဲ့ ငါ့ဦးနှောက်ထဲမှာ တစ်စုံတစ်ရာကို နက်နက်နဲနဲယုံကြည်နေမှုက အတွင်းလှိုက်စားနေတယ်။ ကဗျာရဲ့ အံ့မခန်းနူးညံ့ကြီးမြင့်လှပမှုကို တစ်ချိန်ချိန်မှာ ဖန်ဆင်းပြနိုင်မယ်။ ကဗျာဟာလူတွေသိနေတာထက် ကျစ်လျစ်နက်ရှိုင်းတာ ညှို့ငင်ကျယ်ပြန့်တာ လောကကြီးရဲ့ အနှစ်သာရအလုံးစုံဟာ ကဗျာပါပဲဆိုတာ။ အခုချိန်ထိ ငါ ကဗျာတွေရေးနေတယ်လို့ မယုံပါဘူး။ ဒါတွေဟာ ကဗျာဆိုရင်လည်း ငါလိုချင်တာ၊ ငါသိနေတာ၊ ငါယုံကြည်မျှော်လင့်နေတာ ဒါတွေမဟုတ်သေးဘူး။ တစ်ချိန်ချိန်မှာ ငါ့နှလုံးသွေးတွေထဲက စိမ့်ထွက်လာတဲ့၊ ဒီကနေ့ပြောနေတဲ့ 'ခံစားမှု'ဆိုတဲ့ ပါးစပ်တွေကို ရိုက်ခွဲပစ်လိုက်မယ်၊ 'အစဉ်အလာ'ဆိုတဲ့ ကူးစက်ပိုးမွှားတွေကို သတ်ဖြတ်ပစ်လိုက်မယ်၊ လူ့အာရုံကြောတွေကို နပျိုသန်စွမ်းလာစေမယ် . . .

mgyoe.com

mgyoe.com SAMPLE BOOK



## ၂၇၊ ဩဂုတ်

၁၉၇၅ ထဲမှာ ဒုတိယအကြိမ်မြောက် အင်္ကျီသစ်လေးတစ်ထည်နဲ့ ပီတိဖြစ်ရပြန်ပြီ။ ကွေ့ကောက်တဲ့ ရေစီးကြောင်းလေးကြား မျောပါလာတဲ့ . . . အသစ်ကလေးတစ်ခုပါ။ ကြင်နာသူ့စေတနာကို လက်ထဲက လုယူခဲ့တာပါကွယ်။ ခွင့်လွှတ်ပါသူငယ်ချင်းတို့ရယ်။ ငယ်ငယ်က ကစားဖော်ကစားဖက်တွေများမြင်ရင် ဘယ်လောက်အံ့သြကြလေမလဲ။ သိမ်ငယ်စိတ်နဲ့ လူဖြစ်လာခဲ့ရသူရဲ့ ငယ်ငယ်က ဝတ်စားဆင်ယင်မှုဟာ ဘယ်လိုမှ မှန်းဆလို့မရတော့ပါဘူး။ ဟိုဘက်ခြမ်းမှာ ဒုံမင်းသံ၊ ဒီဘက်ခြမ်းမှာ ဖဝိုင်းက တီးတိုးသံ၊ ဘေးနှစ်ဘက် အိပ်ရာတွေဆီက ဟောက်သံတွေကြားမှာ အိပ်မရ၊ စာဖတ်မရ ဖြစ်နေသူလေ။ ကျေနပ်စိတ်လေးနည်းနည်းနဲ့ ကနေ့ကို ရင်ဆိုင်မလို့တဲ့။ အပျော်လေး နည်းနည်းနဲ့ လောကထဲခေါင်းမော်နေပြန်ပေါ့။ ဒီအခိုက်အတန့်လေးရဲ့ ရှူးသွပ်မှု အရသာရယ်။ ကျွန်တော်ခေါ်ရာ လိုက်ခဲ့ကြပါလား။ တစ်ခါတလေတော့ LOVE TO ETERNITY ထဲကမာဆယ်လိုမာစတိုဒင်နီနဲ့ ကက်သရင်းဒင်နူးတို့လို ရုပ်ထွေးလှတဲ့ သက်ရှိမျက်နှာတွေနဲ့ ဝေးရာကိုထွက်ပြေးကြည့်သင့်တာပေါ့။ သြော် . .ဟစ်ပီအဘိဓမ္မာတဲ့လား။ ဒီသစ်သီးကို ခင်ဗျားစားဖူးရဲ့လားဗျာ။ ကျွန်တော်ဟာ ထွက်ပြေးမှု သူရဲကောင်းတစ်ဦးပါ။ နှလုံးသားထဲ ဝင်ပုန်းလို့ အသက်ရှုကြပ်လာရင် ဦးနှောက်ထဲ။ 'ဦးနှောက်' ထဲ မွန်းမောအိုက်လှောင်လာရင် စာလုံးတွေထဲ၊ ပန်းလှလှလေးတွေထဲ၊ စကားပြောလှုပ်ရှားနေတဲ့ အရုပ်ကားတွေထဲ၊ ဖြတ်သွားတဲ့ မိန်းမလှလေးတွေ၊ ဘောလုံးပွဲ၊ ဖဲချပ်များ၊ နောက် အရက် . .နောက် မိန်းမတစ်ယောက်ရဲ့ ရင်ခွင်ထဲလေ။ ဟောဒီအင်္ကျီသစ်လေးအပေါ် စွဲငြိနေတာဟာလည်း တဒင်္ဂပုန်းရှောင်လွှတ်မြောက်ခြင်းပါပဲဗျာ။

mgyoe.com

mgyoe.com SAMPLE BOOK



ကျုပ်တို့ကိုယ်တွင်းက သေကြရတယ်
နှလုံးသားထဲမှာ ရေနစ်ကြသလို
အရေခွံက ကျွတ်ထွက်ပြီး ဝိညာဉ်ထဲကို လိမ့်ကျသလိုပါပဲ။
*[နေရှဒါ]*

ရန်ကုန်၏မျက်လုံးမှ
ငါ့ ရုပ်ပုံအနက်ရောင်
ခွေးဟောင်သံတွေ ဆူလို့။
*[ဖေါဝေး]*

မနက်ခင်းလေက ငါ့နဖူးမှာ အေးမြသွားစေတဲ့
နှင်းစက်တွေ ရွှဲရွှဲစိုရက်နဲ့ပဲ ငါရောက်လာပါတယ်။
ငါ့အမောကို၊ မင့်ခြေရင်းမှာ နားခိုပြီး၊ ပြန်ငြိမ်လာစေမယ့်
မြတ်နိုးဖွယ်အချိန်များအကြောင်း အိပ်မက်ခွင့် ပေးလိုက်ပါ။

မင်းရဲ့ နုပျိုတဲ့ရင်အုံမှာ ငါ့ခေါင်းကို သိပ်ပါရစေ
မင့်နောက်ဆုံးအနမ်းတွေနဲ့ ပဲ့တင်ထပ်လို့ပေါ့။
မုန်တိုင်းကောင်းရဲ့နောက်မှာ ငြိမ်ဆိတ်ပါစေလေ
မင်းနားနေသမို့ ငါ နည်းနည်းအိပ်ပါရစေတော့။
*[ဗယ်ရလဲန်း]*

mgyoe.com

mgyoe.com SAMPLE BOOK



## ခွဲခွါချိန်

ငြိမ်ဆိတ်ခြင်းရယ်၊ မျက်ရည်တွေရယ်နဲ့
အသဲနှလုံးကွဲတစ်ဝက်ကယ်နဲ့
နှစ်ပေါင်းများစွာ ကွဲနေကြဖို့ရာ
ငါတို့နှစ်ဦး ခွဲခွာကြတဲ့အခါ
မင့်ပါးဟာ ဖြူရော်လို့၊ အေးလို့
မင့်အနမ်းက ပိုလို့ အေးစက်သေးရဲ့
တကယ်ပဲ အဲဒီအချိန်ပိုင်းလေးဟာ
ခု ပူဆွေးမှုကို နိမိတ်ဖတ်ခဲ့လေရဲ့။

နံနက်ခင်းရဲ့ နှင်းစက်ကလေးက
ငါ့နဖူးမှာ အေးမြမြနဲ့ စိမ့်ဝင်နေတယ်။
ငါအခု ခံစားနေရတာကို
ကြိုတင်သတိပေးနေသလိုပါပဲကွယ်။
မင့်သစ္စာစကားတွေ အကုန်ကျိုးခဲ့ပြီ
မင့်ဂုဏ်သတင်းလည်း ပေါ့တန်ခဲ့ပေါ့။
မင့်နာမည်ကို ပြောနေကြတာ ငါ ကြားရဲ့
ဒီနာမည်ရဲ့အရှက်တကွဲဖြစ်ရမှုကိုလည်း မျှယူသေးတော့။

ငါ့ရှေ့မှာ မင့်နာမည်ကို ထုတ်ပြောနေကြတယ်
ငါ့နားအဖို့ သေမင်းခေါင်းလောင်းသံပါ့။
တုန်လှုပ်ခြင်းတစ်ခု ငါ့ကိုယ်ပေါ်လွှမ်းသွားတယ်
ဘာကြောင့်များ မင်းကို သလောက်တွယ်တာရပါ့။

mgyoe.com

mgyoe.com SAMPLE BOOK



ငါ မင့်ကို သိတယ်ဆိုတာ သူတို့မသိကြဘူး
မင့်ကို ကောင်းကောင်းကြီး သိခဲ့သူကိုမှလေ
အရှည်ပဲ မင့်ကိုနမြောတသနေမိတော့မယ်ကွယ်
ပြောမပြနိုင်အောင် နက်ရှိုင်းစွာနဲ့ရယ်လေ။

တိတ်တဆိတ် တို့ဆုံခဲ့ကြတယ်––
တိုးတိတ်တိတ်ပဲ ငါကြေကွဲရတယ်။
မင့်နှလုံးသားမေ့ရက်နိုင်တာ
မင့်စိတ်က လှည့်စားတတ်တာကိုကွယ်။
နှစ်ပေါင်းများစွာ ရှည်ကြာပြီးတဲ့ခါ
ငါ မင့်ကိုတွေ့ရဦးမယ်ဆိုရင်လေ
ဘယ်လိုများ မင့်ကိုနှုတ်ဆက်ရပါ့မလဲဟင်––
ငြိမ်ဆိတ်ခြင်းရယ်၊ မျက်ရည်တွေနဲ့ပါပဲ။ ။

*[ဘိုင်ရွန်]*

mgyoe.com

mgyoe.com SAMPLE BOOK



စက်တင်ဘာ ၁

အလင်းရောင်နုနုနဲ့ စိုနေတဲ့ စိမ်းမြမြမြက်ခင်းပြင်ပေါ်မှာ။ ဘီယာအမြှုပ်တွေကြားက ဘ၀ရဲ့ ကိုယ်ထည်ဟာ လှုပ်ခါနေတယ်။ ချစ်စရာနန်းသီတာရဲ့ ရင်ခွင်မှာ ပျောက်ဆုံးနေသူတစ်ယောက်လေ။ လှပတဲ့ ညနေခင်းလေးကို နာနာကျင်ကျင် ပြုံးရင်း မတော်မတရားမပြုလိုက်ရပါစေနဲ့။ တစ်ဝက်သာ ပျော်တတ်သူအတွက် အရက်ရဲ့ အကူအညီလိုသေးတယ် ထင်ပါရဲ့။ ရိုးသားကြင်နာသူတစ်ယောက်ရဲ့ မေတ္တာနဲ့ပဲ နွေးထွေးခဲ့ရပါပြီ။ ဆင်ခြင်တုံတရားဆိုတာက မျက်နှာအများသားကလား။ လွတ်လွတ်ကျွတ်ကျွတ် လူလားမြောက်ဖို့ဆိုတာ အသက်အရွယ်နဲ့ ဘယ်လိုမှ ဆက်နွယ်နေတာမှ မဟုတ်တာ။ ဟောဒီ တရုတ်ဆိုင် ထမင်းဟင်းတွေကို ငါ နှစ်သက်ဖူးပါတယ်။ ဟို တစ်ဖက်ခုံက အသံကျယ်တဲ့ ကဗျာဆရာတစ်ယောက်နဲ့ အရှိန်အဝါမသေးခဲ့တဲ့ စာရေးဆရာတစ်ယောက်ရဲ့ အရက်ပုလင်းမှာ ငါ့ဒေါသတွေ မွေးဖွားလာပြန်ရော။ ကိုယ့်ကိုကိုယ်နဲ့ သူတို့အတွက် လှပတဲ့ အခိုက်အတန့်လေးကို မဖျက်ဆီးလိုက်တော့ပါဘူး။ ဩော် . . . ဇောက်ထိုး ပက်လက်မျောနေကြပ၊ါ။ ရွံ့စရာကောင်းပါဘိတော့။ အားလုံးပဲ။ အားလုံးပဲ။ လောကကို သွေးရိုးသားရိုး ရင်မဆိုင်ဝံ့တော့တာများလားကွယ်။ ငါဟာ . . .

၂၊ စက်တင်ဘာ

ကိုမျိုး၊ ကိုဘရွှေ၊ ကိုသိမ်းဦး၊ ကိုကံဝင်းမောင်၊ ကိုညွှန့်အောင် . . . နန်းသီတာ၊ နန်းကျင်၊ ယမင်း၊ မာဇဒါ၊ ဘီယာ၊ ဘရန်ဒီ၊ ဒန်းဟီးလ်၊ အပြုံးများ၊ ရယ်သံများ၊ ပေါက်ကွဲသံများ . . . . နောက် . . . ။

mgyoe.com